မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဧပြီဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၉) ၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၊ ၁၂-၁၁-၂၀၂၆ ၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ကျွဲလေးပါးတည်း။) (၀မ္မပဒ)

ယနေ့ ဖတ်စရာ

လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်ပေးနိုင်ရေးနှင့် မြို့နယ်ချင်းဆက်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ အဆင့်မြင့်ကင်ဆာကုထုံး စက်ကိရိယာများ ဆောင်ရွက်ပေးနိုင်ရေးစသည်တို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြား

ပြည်သူ့လွှတ်တော် စာမျက်နှာ » ၄

မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစ်ဦးတစ်ယောက်တည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law)တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

အမျိုးသားလွှတ်တော် စာမျက်နှာ » ၆



ဒုတိယသမ္မတ ဦးညီစော ပို့ကုန်အခြေပြု အရန်ဆန်သိုလှောင်ရုံများ၌ အရန်ဆန်များသိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

ဒုတိယသမ္မတ ဦးညီစော ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား၊ ပို့ကုန်အခြေပြု အရန်ဆန်များ သိုလှောင်ထားရှိသည့် သိုလှောင်ရုံများအခြေအနေ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် အရန်ဆန်စုဆောင်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ သို့ ✯

အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများသို့ လာရောက်ကြည့်ရှုသူများဖြင့် အထူးစည်ကား



နေပြည်တော် နိုဝင်ဘာ ၁၁

နေပြည်တော် ကောင်စီနှင့် မြန်မာ အာကာသအေဂျင်စီတို့ ကြီးမှူးကျင်းပသည့် အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ/ ကာတွန်း/ ပိုစတာပြိုင်ပွဲနှင့် အာကာသ နည်းပညာဆိုင်ရာ ပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယမန့်နေ့က အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌

စာမျက်နှာ ၃ သို့ ✤

နေရာကွက်၍ မိုးကြီးနိုင်



နေပြည်တော် နိုဝင်ဘာ ၁၁

ယနေ့နံနက် ၇ နာရီ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေနှေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီး ရုပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများတွေ့ဆုံမှုကြောင့် ယနေ့နံနက်မှ နိုဝင်ဘာ ၁၂ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့်

စာမျက်နှာ ၃ သို့ ✤

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၀-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆: ၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၁-၁၁-၂၀၂၆ ရက်နေ့မှ ၁၂-၁၁-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၁

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ တိုးလာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ၈လ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့။

အကာသနည်းပညာဆိုင်ရာများကို သိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန် လိုအပ်ပည်

အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာပြခန်းများ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်သမ္မတက အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲနှင့် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖွင့်ပွဲအခမ်းအနားကို ဒီဂျစ်တယ်နည်းပညာအသုံးပြု၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အာကာသနည်းပညာဆိုင်ရာ ပြခန်းများဖြစ်သည့် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ်ပြခန်း၊ အာကာသနှင့် AI နည်းပညာအသုံးချပြခန်းရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်စောင့်ကြည့်လေ့လာရေးစနစ်၊ ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြု စိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြခန်း၊ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သချိုပညာရပ်ပြခန်း၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြခန်း၊ အာကာသစူးစမ်းလေ့လာရေးပြခန်း၊ နက်ရှိုင်းသော အာကာသစူးစမ်းလေ့လာရေး သုတေသနပြခန်းတို့အတွင်း ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လုည့်လည်ကြည့်ရှုလေ့လာရာ ပြခန်းအလိုက်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသဖြင့် မိမိတို့နိုင်ငံအတွက်လိုအပ်သည့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေ သိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်လိုကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ မြေဆီလွှာ၊ ရေနှင့် သီးနံအခြေအနေကို သိရှိပြီး အချိန်မီစီမံနိုင်ရေးအတွက် အာကာသနှင့် AI နည်းပညာကို အသုံးပြုဆန်းစစ်ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် သုတေသနပြု ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတွင်းရှိ ရေသယံဇာတအပါအဝင် သဘာဝအရင်းအမြစ်များကို အာကာသနည်းပညာအသုံးပြု၍ အချက်အလက်များရယူကာ အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ အာကာသနှင့်ပတ်သက်သည့် ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ အာကာသနှင့်ပတ်သက်သည့် အသိပညာများအား မျိုးဆက်သစ်လူငယ်မောင်မယ်များ သိရှိနားလည်နိုင်ရေး ခေတ်နှင့်အညီ စဉ်ဆက်မပြတ် အဆင့်မြှင့်တင်လုပ်ဆောင်ပေးခြင်းတို့ဖြင့်လည်း အာကာသနည်းပညာကို စိတ်ပါဝင်စားမှု မြင့်တက်လာစေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၌ အာကာသအိပ်မက်ခေါင်းစဉ်ဖြင့် ယနေ့တွင်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်၌ လူသားနှင့်အနာဂတ်အာကာသခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက်တွင်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့်၌ အသုံးချလေ့လာ အာကာသနည်းပညာခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၂ ရက်တွင်လည်းကောင်း ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၃ ရက်နေ့တွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသွားမည်ဖြစ်သည်။ အခြေခံပညာအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို နေပြည်တော်ကောင်စီနှင့် မြန်မာအာကာသအေဂျင်စီတို့က ကြီးမှူး၍ အနာဂတ် မျိုးဆက်သစ်လူငယ်မောင်မယ်များ အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေ သိရှိနားလည်ရန်နှင့် အကျိုးရှိအောင် အသုံးချနိုင်ရန်၊ စိတ်ဝင်စားပြီး သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်၍ကျင်းပခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၈၇ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဒေါ်စန္ဒာကျော် ပဲခူးတိုင်းဒေသကြီး
(၂) ဒေါ်မြတ်သီတာအောင် မန္တလေးတိုင်းဒေသကြီး

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်း ကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

(၁၁-၁၁-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၈,၆၄၈,၉၈၈.၉၃	၆,၇၂၀,၁၀၇.၀၈	၂၄,၃၀၈,၁၇၈.၇၈	

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မန်းရွှေဝိဇူရဇာတ်တော်ကြီး ကပြဖျော်ဖြေမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်တွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒါရိုက်တာ ကိုရွှေသက်(MCDC)၏ မန်းရွှေဝိဇူရအဖွဲ့ကြီးက ဝိဇူရဇာတ်တော်ကြီးဖြင့် အဖွဲ့လိုက် ဒုတိယငွေတံဆိပ်ဆုနှင့် တစ်ဦးချင်းထူးချွန် ရွှေတံဆိပ်(၅)ဆု အပါအဝင် ထူးချွန်ဆုများရရှိခဲ့ပါသည်။

အဆိုပါ ပြိုင်ပွဲတွင် ရရှိခဲ့သော ဆုများမှာ-

-ဇာတ်ညွှန်းအကောင်းဆုံးဆု - ပန်တျာဦးသန်းအောင်(မန်း)
-ဝိဇူရမင်းသားအကောင်းဆုံးဆု - ပိုင်ထက်ဝေ
-ပုဏ္ဏကအကောင်းဆုံးဆု - ပန်တျာဝေယံဦး
-နှစ်ပါးသွားအကောင်းဆုံးဆု - ပိုင်ထက်ဝေ၊ ယမင်းအောင်၊ ကေတုမတီဘိုမ၊ ယွန်းသံစဉ်။
-ဂီတမှူးဇာတ်ပို့ဆိုင်းအကောင်းဆုံးဆု - ဂီတမဏ္ဍိုင် သားဗိုလ်နိုင်တို့သည်ဆုတံဆိပ်များဖြင့် မန္တလေးတိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ်အောင်မြင်မှုများ ရရှိခဲ့သည့် မန်းရွှေဝိဇူရအဖွဲ့ကြီး၏ ဝိဇူရဇာတ်တော်ကြီးကို မန္တလေးမြို့တော်သူ၊ မြို့တော်သားများ ကြည့်ရှုခံစားနိုင်ရန် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး သီတဂူမောင်မောင် YouTube Channel မှလည်း တိုက်ရိုက်(Live)ထုတ်လွှင့် ပြသသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

နေ့ရက် - (၁၁-၁၁-၂၀၂၆)၊ (၁၂-၁၁-၂၀၂၆) ရက် ၁၃၈၈ ခုနှစ်-တန်ဆောင်မုန်းလဆန်း(၂၊ ၃)ရက်
အချိန် - ညနေ(၆းဝဝ)နာရီ
နေရာ - မန္တလေးမြို့၊ ကျောက်တော်ကြီးဘုရားအနီး၊ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်ရုံ။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း-၇၅၁၁၇၀၁၁၉
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။

☆ ရွှေဖုံးမှ

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့်ခိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံ၏ အဓိကသီးနှံမှာ ဆန်စပါးဖြစ်ပြီး အဓိကစိုက်ပျိုးရေးသီးနှံဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတ လမ်းညွှန်ထားရှိသော စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး၊ ဆန်စပါးကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးနှင့် ပြည်ပဈေးကွက်ရရှိပြီး ပို့ကုန်တိုးမြှင့်ရေး လိုက်နာဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ကျင်းပနိုင်ခဲ့မှုနှင့် ညီလာခံမှဖော်ထုတ်ရရှိခဲ့သည့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များ၊ သိုလှောင်ရုံများကို မြန်မာဆန်စပါး အွန်လိုင်းတွင် လွယ်ကူလျင်မြန်စွာ စနစ်တကျစီစစ်မှတ်ပုံတင်ထားရှိနိုင်ရေး၊ အတည်ပြုထားသော သိုလှောင်ရုံလိုင်စင်အတွက် ဒီဂျစ်တယ်လက်မှတ်ထုတ်ပေးနိုင်ရေးနှင့် "ပြည်တွင်းဆန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ထိရောက်သည့် ပံ့ပိုးမှုပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းပြီး သင့်တော်သည့်ပမာဏတစ်ရပ်ကို အရန်ဆန်အဖြစ် နှစ်စဉ်စုဆောင်းထားနိုင်ရေး"အချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ ပြည်တွင်း၌ ဆန်စပါးဖူလုံရေး၊ ပြည်ပဈေးကွက်ရရှိရေးနှင့် စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုနှင်ကန်ဝေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျစာရင်းပြုစု မှတ်ပုံတင်ထားရှိမှုအခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သည့်ဒေသများရှိ ပြည်သူများအား အဓိကစားရေရိကွာဆန်ကို ဖြန့်ဖြူးထောက်ပံ့သွားနိုင်ရန် စုဆောင်းထားရှိမှုအခြေအနေများ၊ စူပါအယ်လ်နီညို သဘာဝဘေးကျရောက်လျှင် ရာသီဥတုဖောက်ပြန်နိုင်သည့်အတွက် အရန်ဆန်တိုးမြှင့်စုဆောင်းခြင်း ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အရန်ဆန်တိုးမြှင့်စုဆောင်းနိုင်ရေးအတွက် သက်ဆိုင်သည့်ဌာန၊ အဖွဲ့အစည်းအားလုံး လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက ဆန်စပါးဈေးကွက်အခြေအနေ၊ အရန်ဆန်ထားရှိမှုအခြေအနေနှင့် ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် အသင်းချုပ်များ၊ ဌာနဆိုင်ရာများနှင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက အရန်ဆန်သိုလှောင်ထားရှိမှု၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ ဆန်ထောက်ပံ့မှု၊ ပို့ကုန်တင်ပို့မှုနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်နောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒုတိယသမ္မတသည် ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်အတွင်းရှိ ပို့ကုန်အခြေပြုအရန်ဆန်သိုလှောင်ရုံများ၌ အရန်ဆန်များ သိုလှောင်ထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၁

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ယနေ့ ညနေပိုင်းတွင် ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ(အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစ္စတာ ဒါနီရာ အီမာနာလီယက်နှင့်အဖွဲ့အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ရုရှား၊ ဘယ်လာရုစ်၊ ကာဂျစ်စတန်၊ ကာဇက်စတန်နှင့် အာမေနီးယားနိုင်ငံတို့နှင့် မြန်မာနိုင်ငံအကြား ပေါ်ဆန်းဆန်နှင့် ပဲ၊ နှမ်းတို့ အပါအဝင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ CMP ပစ္စည်းများ၊ ရေထွက်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရေး၊ ထားဝယ် အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ဆောင်ရွက်နိုင်ရေး၊ အခွန်ကောက်ခံမှုဆိုင်ရာ ကိစ္စရပ်များတွင် ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဥရောပအာရှ စီးပွားရေးကော်မရှင်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အကြားပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အာဆီယံ ဒီဂျစ်တယ်စီးပွားရေးမူဘောင် သဘောတူညီချက် (ASEAN Digital Framework Agreement-DIFA) တွင် ပါဝင်ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ အာကာသမှ

ကျင်းပပြီး မူလတန်းအဆင့်၌ "အာကာသအိပ်မက်" ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကာ ယနေ့တွင် အခြေခံပညာအလယ်တန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ/ကာတွန်း/ပိုစတာပြိုင်ပွဲကို "လူသား နှင့် အနာဂတ်အာကာသ" ခေါင်းစဉ်ဖြင့် ကျင်းပသည်။

အနာဂတ်မျိုးဆက်သစ်လူငယ် မောင်မယ်များ အာကာသသိပ္ပံနှင့် နည်းပညာများကို စိတ်ဝင်စားပြီး အနုပညာမှတစ်ဆင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါပြိုင်ပွဲများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

အာကာသနည်းပညာဆိုင်ရာ ပြဿနာများတွင် အာကာသနှင့် AI နည်းပညာသုံး စိုက်ပျိုးရေးစနစ် ပြဿနာ၊ အာကာသနှင့် AI နည်းပညာ အသုံးချပြဿနာရှိ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် စောင့်ကြည့် လေ့လာရေးစနစ်ဂြိုဟ်တုနည်းပညာအသုံးချ Application များ၊ AI နှင့် အမေးအဖြေကဏ္ဍ၊ AI အသုံးပြုစိတ်ဝင်စားဖွယ်ဂိမ်းများ၊ စက်ရုပ်နည်းပညာပြဿနာ၊ သိပ္ပံ၊ နည်းပညာ အင်ဂျင်နီယာနှင့် သချာပညာရပ်ပြဿနာ၊ နက္ခတ်တာရာနှင့် အာကာသသိပ္ပံပြဿနာ၊ အာကာသ စူးစမ်းလေ့လာရေး ပြဿနာ၊ နက်ရှိုင်းသော အာကာသ စူးစမ်းလေ့လာရေး သုတေသန ပြဿနာများ ပြသထားပြီး ပြဿနာများကို ယနေ့တွင် ကျောင်းသားကျောင်းသူများနှင့် အများပြည်သူ ၄၀၃၀ လာရောက်လေ့လာခဲ့ကြကြောင်းနှင့် အဆိုပါပြဿနာများကို နိဝင်ဘာ ၁၃ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီအထိ လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

နေပြည်တော်(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီ ရွှေလှူးဆေးကုသခန်း ဖွင့်လှစ်



မန္တလေး နိဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဦးဆောင်မှုဖြင့် ရွှေလှူးဆေးကုသခန်းဖွင့်လှစ်ခြင်းကို မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မယ်ဇယ်တန်းရှိ ရွှေညောင်ပင်ကျောင်းတိုက်တွင် နိဝင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ ရွှေလှူးဆေးခန်း ဖွင့်လှစ်ခြင်းကို မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဒုတိယဥက္ကဋ္ဌဒေါက်တာမျိုးခိုင်က ကြီးကြပ်၍ အထွေထွေရောဂါကု ဆရာဝန် လေးဦး၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးအောင်သူဝင်း ဦးဆောင်သည့် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးအောင်သူဝင်း ဦးဆောင်သည့် မန္တလေးတိုင်းဒေသကြီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီစေတနာလုပ်အားရှင်များက ကူညီဆောင်ရွက်ပေးကြသည်။

ရွှေလှူးဆေးကုသခန်းသို့ ဒေသခံပြည်သူ ၈၀ ဦးလာရောက်ပြသကြပြီး မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးခိုင်နှင့် အထွေထွေရောဂါကုဆရာဝန်များက ရောဂါစစ်ဆေးကုသ၍ ဆေးဝါးများ ထောက်ပံ့ကြသည်။ လိုအပ်သော ဆေးဝါးများကို Sunflower International School မှ လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
(၀၄၅)

❖ နေရာကွက်၍မှ

ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ တိုက်ခတ်လာသော လေန္တေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ တိုက်ခတ်လာသော လေအေးများ တွေ့ဆုံမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

ကျေးရွာချင်းဆက်လမ်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

မိုင်းဖြတ် နိဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးဇော်မျိုးထွေးနှင့် တာဝန်ရှိသူများသည် မြို့နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးဇော်မျိုးထွေး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျံလင်း၊ တာချီလိတ်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲလွင်တို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်(၁၃၅ ဒသမ ၇၂၁) သန်းဖြင့် ဆောင်ရွက်သည့် ဝမ်မိုင်-ပါပူးလမ်း ကတ္တရာခင်းခြင်း (၀/၂ ဒသမ ၅)မိုင်နှင့် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် (၁၃၂.၀၀) သန်းဖြင့် မိုင်းဖြတ်-ပါညလမ်း ကွန်ကရစ်ခင်းခြင်း (၀/၁ ဒသမ ၃)မိုင် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကျင်းပ

လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်ပေးနိုင်ရေးနှင့် မြို့နယ်ချင်းဆက်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ အဆင့်မြင့်ကင်ဆာကုထုံးစက်ကိရိယာများ ဆောင်ရွက်ပေးနိုင်ရေးစသည်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြား

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် လျှပ်စစ်မီးအချိန်ပြည့်ရရှိရေး၊ စာသင်ကျောင်းများ ပြုပြင်ပေးနိုင်ရေးနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရေး၊ ကိုယ့်အားကိုယ်ကိုးကျောင်းအား အစိုးရကျောင်းအဖြစ် ဖွင့်လှစ်ပေးနိုင်ရေး၊ မြို့နယ်ချင်းဆက်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းပေးနိုင်ရေး၊ အင်္ဂပ အိမ်ရာစနစ် ဖော်ဆောင်ပေးနိုင်ရေး၊ အဆင့်မြင့် ကင်ဆာကုထုံးစက်ကိရိယာများ ဆောင်ရွက်ပေးနိုင်ရေးနှင့် ဆေးရုံအဆင့်မြှင့်တင်ပေးနိုင်ရေး၊ Digital X-Ray စက်နှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၄ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ **ဦးဝင်းမြင့်မောင်၏ ပုဂံမြို့ရှိ ရှင်အဒ္ဓဂေါဏဘုရားဘုရား၏ ဘွဲ့အမည်အား "မဟာသမန်းကြီးဘုရား"ဟု ပြောင်းလဲပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ယဉ်ကျေးမှုဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ရှင်အဒ္ဓဂေါဏဘုရားကို မဟာသမန်းကြီးဂုဘုရားအဖြစ် ပြောင်းလဲခေါ်တွင်မည်ဆိုပါက ပုဂံရေးဟောင်းစေတီပုထိုးများ၏ အမည်များမှာ ယူနက်စကို၏ မှတ်တမ်းအချက်အလက်များတွင် အတည်ပြုထားပြီးဖြစ်၍ UNESCO နှင့် ရေရှည် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်လာနိုင်ပါကြောင်း၊ ထို့ပြင် ပါးစပ်ရာဇဝင်အခေါ်ဖြင့် အသိအမှတ်ပြုထားသော ဘုရားစေတီများကိုလည်း အမည်ပြောင်းလဲခေါ်တွင်ရန် တောင်းဆိုမှုများရှိလာနိုင်ပါကြောင်း၊ ရှင်အဒ္ဓဂေါဏဘုရား သြဝါဒါစရိယ ဆရာတော် (၇)ပါးကလည်း အလှူရှင်၏အမည်ကို အစွဲပြု၍ ပြောင်းလဲခေါ်ဆိုခြင်းထက် လက်ရှိအများပြည်သူကြည်ညိုပူဇော်နေသည့် "ရှင်အဒ္ဓဂေါဏ" ဘုရားအမည်ကိုသာ ခေါ်ဆိုသင့်ပါကြောင်း သြဝါဒ ပေးခဲ့ပါကြောင်း။

လက်ရှိအများပြည်သူ ကြည်ညိုပူဇော်နေပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဖြစ်နေသည့်အတွက် ဂူဘုရားအမည်အား ပြောင်းလဲခြင်းမပြုဘဲ "ကျောက်စာပါ အမည်အမှန်ကို ကွင်းစကွင်းပိတ်ဖြင့် ယှဉ်တွဲဖော်ပြခြင်းနည်းလမ်းဖြင့် ဆောင်ရွက်ပါက" UNESCO သို့ တင်ပြအတည်ပြုထားချက်နှင့် ကွဲလွဲမှု မရှိနိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။ ဘုရားအမည်နှစ်ခုအား ပူးတွဲဖော်ပြမည်ဆိုပါက ဒေသခံပြည်သူများနှင့် ဘုရားဖူးပြည်သူများ သိရှိနားလည်နိုင်ရန် အမတ်ကြီးမဟာသမန်းလင်မယားကျောက်စာပါစာသားများကို သမိုင်းပညာရှင်များ၊ သုတေသီများက သုံးသပ်စိစစ်၍ အတည်ပြုချက်ရယူခြင်း၊ ဘုရားပရိဝုဏ်အတွင်း ကျောက်စာပါအဓိပ္ပာယ် ဘာသာပြန်ဆိုချက်အား အသိပေးဆိုင်းဘုတ်ဖြင့် ဖော်ပြထားခြင်း။ သာသနာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းခြင်းနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား ရှင်းလင်းအသိပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **"လျှပ်စစ်မီး" အား (၂၄)နာရီ အချိန်ပြည့်ပေးနိုင်ရန် ရေတို၊ ရေရှည်စီမံကိန်းများ ဆောင်ရွက်ထားမှု ရှိ၊**



မရှိမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က မြန်မာနိုင်ငံ၏ စွမ်းအင်မူဝါဒနှင့်အညီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို စွမ်းအင်အရင်းအမြစ်တစ်မျိုးတည်းကို မှီခိုနေရခြင်းမဖြစ်စေရန် ပြန်ပြည့်မြဲစွမ်းအင်၊ သဘာဝဓာတ်ငွေ့နှင့် အခြားအရင်းအမြစ်များကို ပေါင်းစပ်အသုံးပြုသည့် Generation Mix ကို အခြေခံဆောင်ရွက်လျက်ရှိပါကြောင်း၊ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်ရာတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ လမ်းညွှန်ချက်များ၊ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရခြင်းဖြစ်၍ အချိန်ယူပြင်ဆင်ဆောင်ရွက်ပြီးမှ စတင်တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း၊ လက်ရှိတွင် စီမံကိန်းအကြို ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း၏ အကူအညီဖြင့် ဆောင်ရွက်ပြီးဖြစ်၍ ပထမအဆင့်တွင် အငယ်စား နျူကလီးယားဓာတ်အားပေးစက်ရုံ ၅၅ မဂ္ဂါဝပ်နှစ်လုံး စုစုပေါင်း ၁၁၀ မဂ္ဂါဝပ်ကို တည်ဆောက်ရန် ရွေးချယ်လျာထားပါကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်ယူမှု ရေတို၊ ရေရှည်စီမံကိန်းများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အဓိက ဆောင်ရွက်သွားမည်ဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာန အနေဖြင့် နျူကလီးယားနည်းပညာဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ နျူကလီးယားစွမ်းအင်ကို အသုံးပြုရာတွင် ပြည်သူလူထုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းကြပ်မတ်မှုလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၏ အစီအစဉ် သို့မဟုတ် ပုဂ္ဂလိကအစီအစဉ်များဖြင့် ဆောင်ရွက်လျက်ရှိသည့် Solar+ Hybrid စီမံကိန်းများနှင့် Solar mini grid စီမံကိန်းများအား လုပ်သာကိုင်သာရှိစေရန် ဆောင်ရွက်ထားရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်(သီလဝါ)နှင့် သာကေတတို့တွင် ပထမအဆင့် ၅၀၀ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့ရည် (LNG) သုံး ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား ထုတ်လုပ်ရာတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းနှင့် Astra Power Co.,Ltd.တို့အကြား LNG တင်သွင်းခြင်းအတွက် Sale and Purchase Agreement (SPA)ကို ၂၀၂၅ ခုနှစ် နိဝင်ဘာလတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် CNTIC VPower Energy Myanmar Co., Ltd. တို့အကြား စက်ရုံမှ ဓာတ်အားထုတ်လုပ်ပေးခြင်း အတွက် ဓာတ်အား၀ယ်ယူရေးစာချုပ်ကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ပြီး စီးပွားဖြစ် ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် အကြီးစားလေအားလျှပ်စစ်စီမံကိန်းများ အတွက် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ စီမံကိန်း ၃၀၊ စုစုပေါင်း ၅၁၀၈ မဂ္ဂါဝပ်ကို ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောင်းမြဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် အမက-ရွှေဒါးကုန်းကျောင်းနှင့် အထက-ကဝက်ကျောင်းတို့အား ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က "ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ရွှေဒါးကုန်း အခြေခံပညာမူလတန်းကျောင်းရှိ အနှစ်ရာယ်ဆောင် ပေ (၆၀ x ၃၀) အုတ်ညှပ် (၁)ထပ်အား ဖျက်သိမ်း၍ ပေ(၆၀ x ၃၀) RCC(၁)ထပ်ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထိုအတူ မြောင်းမြမြို့နယ် ကဝက်-အခြေခံပညာအထက်တန်းကျောင်းတွင် အနှစ်ရာယ်ဆောင် ပေ(၁၈၀ x ၃၀) အုတ်ညှပ် (၁)ထပ်အား ဖျက်သိမ်း၍ ပေ(၁၂၀ x ၃၀) RCC (၁)ထပ် ဆောက်လုပ်ရန် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား RC တစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်း-အခြေခံပညာ မူလတန်းကျောင်းတွင် လက်ရှိယာယီကျောင်းဆောင် တစ်ဆောင်တည်း ၌ စာသင်ကြားနေရပါသဖြင့် အဆိုပါကျောင်းရှိ အနှစ်ရာယ်ဆောင် ပေ(၉၀x၃၀)သွပ်မိုး၊ အုတ်ညှပ်(၁) ထပ်အား ဖျက်သိမ်း၍ ပေ(၁၂၀ x ၃၀)RCC(၁)ထပ် ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာရေးနှစ်များ တွင် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ် ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်းအား အစိုးရအခြေခံ မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ညောင်ဇင် ကျေးရွာအုပ်စု ဖုတ်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းသည် ပင်မကျောင်းဖြစ်သော ညောင်ဇင်-အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှင့် ၁ ဒသမ ၅ မိုင်သာ ကွာဝေးပါသဖြင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဆင့်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးနှင့် ကလေးဝမြို့နယ်သို့ ဆက်သွယ်ထားသည့်လမ်းနှင့် တံတားများပြုပြင်ထိန်းသိမ်းခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ကလေးဝ-ကျိုက်နုံး-ကလေး လမ်းပိုင်း၌ ပျက်စီးနေသောနေရာများပြင်ဆင်ရန် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ၁၈ ပေအကျယ် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ ဖာလုံနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၃ ဒသမ ၅ ဖာလုံ လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး လျာထားရန်ပုံငွေဖြင့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၅ ဒသမ ၅ ဖာလုံနှင့် Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အလားတူ လမ်းပိုင်းပေါ်ရှိ တံတားများနှင့် ပတ်သက်၍ ၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ကလေး၀-ကျိုက်နုံးလမ်းပေါ်ရှိ သံပေါင်ဘောလီတံတား ၂၀ စင်း၏ ပျက်စီးနေသော C-Channel ကြမ်းခင်း၊ သံပေါင်ဘောလီနှင့် ဆက်စပ်ပစ္စည်းများလဲလှယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျိုက်နုံးနှင့် တမူးကြားရှိ တံတားငါးစင်းအား အမြတ်မဲသံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်တံတားများကိုလည်း ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာရေးနှစ်အလိုက် ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

နောင်မွန်းမဲဆန္ဒနယ်မှ ဦးရယ်ဒမ်းတန်၏ **ပူတာအို-မချမ်းဘော-နောင်မွန်း ကားလမ်းရှိ နောင်မွန်းမြို့အုပ်ချုပ်ရေးအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က **ပူတာအို- မချမ်းဘော-နောင်မွန်း**လမ်းသည် ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့် လမ်းအရှည် ၆၁ မိုင် ရှိပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၈ မိုင် ၂ ဖာလုံ၊ ကတ္တရာလမ်း ၁၀ မိုင် ၅ ဖာလုံနှင့် အမာခံလမ်း ၄၂ မိုင် ၁ ဖာလုံ ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းပိုင်း ၆၁ မိုင်တွင် မိုင်တိုင် ၂၉ မှ ၆၁ အထိ ၃၂ မိုင်သည် နောင်မွန်းမြို့နယ်လမ်းပိုင်းဖြစ်ပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၃ မိုင် ၂ ဖာလုံနှင့် အမာခံလမ်း ၂၃ မိုင် ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အမာခံလမ်းပိုင်း ၂၃ မိုင်အနက်မှ ၁ မိုင် ၃ ဒသမ ၂၅ ဖာလုံအား ကွန်ကရစ်လမ်းခင်းရန် ရန်ပုံငွေ လျာထားပြီးဖြစ်ပြီး ကျန်ရှိနေသော လမ်းပိုင်းများအား ကွန်ကရစ်လမ်းခင်းရန် နှစ်စဉ်ဘဏ္ဍာငွေ လျာထားသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စာမျက်နှာ ၅ သို့ ↗

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လွှတ်တော်သို့လာရောက်လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၇ ရက်မြောက် နေ့အစည်းအဝေးသို့ လာရောက် လေ့လာသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ ဗိုလ်တထောင်ခရိုင်မှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပပြီးနောက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ဟူ၍ မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာသည့် အခြေအနေများ၊ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် အထည်ဖော် ဆောင်ရွက်ရာ လွှတ်တော်များ၏ ဖွဲ့စည်းပုံ၊ တွင် အထောက်အကူပြုသည့် လုပ်ငန်းတာဝန်များ၊ ဥပဒေပြုရေး ဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်များ၏လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ကိုယ်စားလှယ်များ၏ ဖွဲ့စည်းပုံနှင့် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများ ကို အသေးစိတ် ရှင်းလင်း ပြောကြားသည်။ ဓာတ်ပုံ-ဦးသိန်းဝင်း

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက ပြည်သူ့လွှတ်တော်သည် ပြည်သူများ အနေဖြင့်လည်း မိမိတို့ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်မှုများကို အလေးထား စောင့်ကြည့်ပြီး မိမိတို့၏ဒေသအကျိုး၊ နိုင်ငံ့အကျိုးများ ဆောင်ရွက်နိုင်ရေး အကြံပြု တိုက်တွန်းသွားရန်နှင့် လွှတ်တော်ကို ပြည်သူများ ပိုမို သိရှိစေရန် Social Media များမှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် နေသည့်အခြေအနေများ၊ လွှတ်တော်များဖွဲ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၂၇-၂၀၃၁) ကို ချမှတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြည်သူများ၏ လိုလားချက်များကို လွှတ်တော်မှ အလေးထား အကောင်အထည် ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းခဲ့ပြီး ယခုလို လွှတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက် လေ့လာကြသည့် ပြည်သူများ အနေဖြင့်လည်း ယနေ့ကိုယ်တိုင်တွေ့ကြုံလေ့လာခဲ့ရသည့် လွှတ်တော်ဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်း မျှဝေနိုင်ရန် ပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးဥာဏ်ဝင်းထိုက်၊ ဦးစိုင်းလင်းလင်းထွဏ်း၊ ဦးဝင်းကျော်၊ ဦးကျော်စန်းဦး၊ ဒေါ်အေးမြမြကြိုင် နှင့် ပြည်သူ့လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

☆ စာမျက်နှာ ၄ မှ

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်းမြို့နယ်ရှိ သံတော-ရိုးစုလမ်းနှင့် ဘုရားဖြူ-ကုက္ကိုခေါင်းလှလမ်းတို့အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သံတော-ရိုးစုလမ်းနှင့် ဘုရားဖြူ-ကုက္ကိုခေါင်းလှလမ်းသည် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က စီမံခန့်ခွဲသော လမ်းများဖြစ်ပြီး သံတော-ရိုးစု လမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၅ ဖာလုံ၊ ကျောက်ခွာလမ်း ၅ မိုင် ၃ ဖာလုံ စုစုပေါင်းလမ်းအရှည် ၆ မိုင်နှင့် ဘုရားဖြူ-ကုက္ကိုခေါင်းလှ-ကန်ပတ်လည်လမ်း အခြေအနေမှာ ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံ၊ ကျောက်ခွာလမ်း ၁၁ မိုင် ၆ ဖာလုံ စုစုပေါင်းလမ်း မိုင်အရှည် ၁၃ မိုင် ၂ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် သံတော-ရိုးစု လမ်းအရှည် ၃ ဖာလုံအား ကျောက်လမ်းပြုပြင်ခြင်း၊ ဘုရားဖြူ-ကုက္ကိုခေါင်းလှ-ကန်ပတ်လည်လမ်းပေါ်တွင် ၅ ပေ x ၂၄ ပေ ကျောက်ကြီးစီကမ်းကပ်ခုနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert ၇ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် သံတော-ရိုးစု လမ်းအရှည် ၄ ဖာလုံအား ကတ္တရာခင်းခြင်း ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ဖြည့်စွက်)ရန်ပုံငွေ(သို့မဟုတ်) အထွေထွေပို့လျှံရန်ပုံငွေတွင် ဘုရားဖြူ-ကုက္ကိုခေါင်းလှ-ကန်ပတ်လည်လမ်းအရှည် ၄ ဖာလုံအား ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် လျာထားမည်ဖြစ်ပါကြောင်း၊ အဆိုပါလမ်း ၂ လမ်း၏ ကျန်လမ်းပိုင်းများအား လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နှစ်အလိုက် ဆက်လက်လျာထားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **အိမ်ရာပိုင်ဆိုင်မှုမရှိသူများအတွက် အင်းအိမ်ရာစနစ်များ ဖော်ဆောင်ပေးရန်နှင့် အင်းအိမ်ရာများ အသင့်ရှိမှသာ ကျူးကျော်နေထိုင်သူများအား ဖယ်ရှားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အိမ်ရာပိုင်ဆိုင်မှုမရှိသည့် ခက်ခဲမိသားစုများအတွက် ပြည်သူ့အင်းအိမ်ရာများ ဆက်လက်တည်ဆောက်ပေးရန်မှာ ဘဏ္ဍာငွေခွဲဝေရရှိမှုနှင့် အဆောက်အအုံဆောက်လုပ်ရန် မြေနေရာရရှိမှုတို့အပေါ်မူတည်၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျူးကျော်နေထိုင်မှုများနှင့် စပ်လျဉ်း၍ သင့်လျော်သော အိမ်ရာအစီအမံများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက စီမံဆောင်ရွက်ပေးလျက်ရှိပြီး နေထိုင်ရန် သင့်လျော်မှုမရှိသော လမ်းဧရိယာနယ်နိမိတ်များ၊ မဟာဓာတ်အားလိုင်းနှင့် တာဝါတိုင်ဧရိယာများ၊ မီးရထားလမ်းနယ်နိမိတ်များနှင့် အစိုးရစီမံကိန်းဧရိယာများတွင် စည်းကမ်းမဲ့ကျူးကျော်နေထိုင်သူများအား ဥပဒေနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ဖယ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ဥမ္မာဌေး၏ **မော်လမြိုင်မြို့နယ် ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အဆင့်မြှင့်ကင်ဆာကုထုံး စက်ကိရိယာထားရှိပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကင်ဆာရောဂါကုသမှုနှင့်ပတ်သက်၍ ယေဘုယျအားဖြင့် ဆေးသွင်းကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်းတို့ရှိသည့်အနက် ခွဲစိတ်ကုသခြင်း၊ ဆေးသွင်းကုသခြင်းတို့ကို သက်ဆိုင်ရာဘာသာရပ်အသီးသီး၏ ခွဲစိတ်အထူးကု ဆရာဝန်များနှင့်ကင်ဆာရောဂါအထူးကုဆရာဝန် ၂ ဦးတို့က မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကင်ဆာရောဂါအများစုအတွက် ဓာတ်ရောင်ခြည်ဖြင့် ကုသပေးခြင်းသည် အရေးပေါ်ကုသမှုမျိုးမဟုတ်ဘဲ အချိန်အတိုင်းအတာတစ်ခုပေး၍ ဆောင်ရွက်ရသော ကုသမှုပေးခြင်းဖြစ်သည့် အလျောက် အခြားနိုင်ငံများတွင် ဓာတ်ရောင်ခြည်ကုသမှုအား သီးခြားစင်တာများဖွင့်လှစ်၍ စက်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် ကင်ဆာရောဂါကုသရေးဝန်ဆောင်မှုများကို တတ်စွမ်းသမျှတိုးဖြင့်ဆောင်ရွက်ပေးရာတွင် လက်ရှိစက်တပ်ဆင်ထားနိုင်မှုနှင့် လူစွမ်းအားအရင်းအမြစ် အကန့်အသတ်များအရ အဓိကကျသောဖြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် တောင်ကြီးမြို့များတွင် စနစ်တကျ ဗဟိုပြုကုသပေးခြင်းကို အားဖြည့်ဆောင်ရွက်ကာ ရေရှည်၌ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးများသို့ အဆင့်ဆင့် ဖြန့်ကြက်တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခွန်အောင်ဆန်း၏ **လွိုင်လင်မြို့နယ် မိုင်းပွန်တိုက်နယ်ဆေးရုံအား အဆင့်မြှင့်တင်တည်ဆောက်ပေးရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း ၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မိုင်းပွန်တိုက်နယ်ဆေးရုံသည် မိုင်းပွန်မြို့ မိုင်းပွန်ကျေးရွာအုပ်စုအတွင်းရှိပြည်သူများ၊ မိုင်းပွန်ကျေးရွာအုပ်စုနှင့် ထိစပ်လျက်ရှိသော အခြားကျေးရွာနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအတွက် အားကိုးအားထားရာ ဆေးရုံ(၁)ရုံဖြစ်ပါကြောင်း၊ မိုင်းပွန် တိုက်နယ်ဆေးရုံအား အရာထမ်း ၂ ဦး၊ အမှုထမ်း ၁၇ ဦး စုစုပေါင်းဝန်ထမ်းအင်အား ၁၉ ဦးတို့ဖြင့် စံနှုန်းကိုက်ဆေးရုံအဖြစ် ပြင်ဆင်ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း။

မိုင်းပွန်ဆေးရုံအား တိုက်နယ်ဆေးရုံအဂ်ရိရပ်နှင့် အညီ ဆေးရုံအဆောက်အအုံများပြုပြင်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ပြုပြင်တည်ဆောက်ခြင်း စသည်တို့ကို စီစဉ်၍ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမော့ဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ကယားပြည်နယ်သို့ ပြန်လည်ဝင်ရောက်လာမည့် လူဦးရေဝိုမိုများပြားလာနိုင်သည့်အတွက် ဆေးနှင့် ဆေးဝါးပစ္စည်းများ တိုးမြှင့်ပံ့ပိုးပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက လွိုင်ကော်ပြည်သူ့ဆေးရုံကြီးအား ၂၀၂၄ ခုနှစ် မေလတွင် စတင်ပြန်လည်ဖွင့်လှစ်၍ ဆရာဝန် ၂၆ ဦး၊ သူနာပြု ၁၀၀ နှင့် အခြားဝန်ထမ်း ၆၆ ဦးတို့ဖြင့် ကျန်းမာရေးကုသမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆေးဝါး ၅၇၅ မျိုး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆေးဝါး ၅၆၅ မျိုးနှင့် ၂၀၂၆ ဧပြီလမှ ယနေ့အထိ ဆေးဝါး ၃၃၂ မျိုး ထောက်ပံ့ပေးပို့ခဲ့ပြီး ဖြစ်ပါကြောင်း၊ လောဓလေးတိုက်နယ်ဆေးရုံနှင့် လွိုင်လင်လေးတိုက်နယ်ဆေးရုံတို့တွင်လည်း လူနာများကို ကြည့်ရှုကုသပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဒီးမော့ဆိုမြို့နယ်ပြည်သူ့ဆေးရုံ၊ ဘောလခဲဆေးရုံ၊ ဘောလခဲမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြန်လည်ထူထောင်ရေးကာလမှစ၍ ယနေ့အထိ ပြည်နယ်တိုးချဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးတို့ကို ပြည်သူများအား ထိုးနှံပြီးဖြစ်ပါကြောင်း၊ ပုံမှန် ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုသော ကာကွယ်ဆေးများ ဖြန့်ဝေပြီးဖြစ်ပါကြောင်း။

လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ECG စက်နှင့် နှလုံးနှိုးစက်အပါအဝင် စက်ပစ္စည်း ၉ မျိုး၊ ဆေးနှင့် ဆေးပစ္စည်း ၂၀၉ မျိုး၊ ကယားပြည်နယ်ကုသရေးဦးစီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်း ၁၄၃ မျိုး ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း၊ ကယားပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများ မိမိတို့ နေရပ်ဒေသသို့ပြန်လည်ဝင်ရောက်လာမည့်ဖြူးရေ့ပိုမိုများပြားလာပါက လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများ ထပ်မံထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးမောင်ရွှေ၏ **လွိုင်ကော်မြို့နယ် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ဆရာဝန်၊ သူနာပြု၊ အခြားကျန်းမာရေးဝန်ထမ်း စုစုပေါင်းကျန်းမာရေးဝန်ထမ်း ၁၉၂ ဦးဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်က ဆေးပညာအထူးကုဆရာဝန် ၂ ဦးတို့က ကင်ဆာရောဂါဝေဒနာရှင်များအား ကုသပေးလျက်ရှိပြီး ၂၀၂၆ခုနှစ် နိုဝင်ဘာလမှစတင်၍ အသစ်ခန့်အပ်လိုက်သော အထူးကုဆရာဝန် (ကင်ဆာရောဂါ)မှ တာဝန်ယူကုသပေးလျက်ရှိပါကြောင်း။

လက်ရှိတွင် လက်ထောက်ဆရာဝန်သစ်လွင် ၂ ဦး ထပ်မံခန့်အပ်ပြီးဖြစ်ရာ လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် လက်ထောက်ဆရာဝန် ၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပြီး ကလေးမီးဖွားခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ကုသမှုပေးခြင်းတို့အား သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများ၏ ဦးဆောင်မှုအောက်တွင် တာဝန်ကျသူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးတင့်ဆွေ၏ **ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံတွင် Digital X-Ray စက်(၁)လုံးနှင့် ဆက်စပ်ပစ္စည်းများအား မည်သည့်ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွက် လတ်တလောတွင် 100 mA Conventional X-Ray Machine စက်(၁)လုံး အားထောက်ပံ့ရန် ကုသရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သည့်အတွက် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သွားရောက်တပ်ဆင်ပေးမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ထပ်မံအသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပ

မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစ်ုတစည်းတည်းသော ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁၁

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့် အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာများသည် ဟောင်းနွမ်းပျက်စီးပိုယွင်းနေပြီး အန္တရာယ်ရှိနေပါသဖြင့် ဖျက်သိမ်းခွင့်ပြုပါရန်နှင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်း ၁၄ လုံးရှိသည့်အနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးပိုယွင်းနေသည့် အဆောက်အအုံ ၃ လုံးသည် နှစ်ကာလကြာမြင့်၍ ဟောင်းနွမ်းပျက်စီးပိုယွင်းနေသော်လည်း တပ်ဖွဲ့ဝင်နှင့် မိသားစုများ လိုင်းခန်းလိုအပ်ချက်အရ လတ်တလောအစီအစဉ်ဖြင့် ပြုပြင်နေထိုင်လျက်ရှိပါကြောင်း။

သို့ပါ၍ မင်းလှမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ နေအိမ်လိုင်းခန်းများအနက် လူနေထိုင်ရန်မသင့်ဘဲ ပျက်စီးပိုယွင်းနေသည့် နေအိမ်အဆောက်အအုံ ၃ လုံးအား နိုင်ငံပိုင်အဆောက်အအုံများ စာရင်းပြုစုခြင်း၊ စာရင်းအရထိန်းသိမ်းခြင်း၊ စာရင်းမှပယ်ဖျက်ခြင်းနှင့် ဌာနပိုင်အဖြစ် သုံးစွဲခွင့်ရခြင်း လုပ်ငန်းစဉ်ဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ စာရင်းပယ်ဖျက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၆ ခန်းတွဲ ၂ ထပ် သံကူကွန်ကရစ် နေအိမ်အဆောက်အအုံ ၁ လုံးအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း (ဖြည့်စွက်)တွင် လျာထားတောင်းခံ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဒေါက်တာဒေဝဒေါ်မြင့်၏ **မြန်မာနိုင်ငံ၏ ရေပိုင်နက် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးတို့အတွက် ရေကြောင်းဆိုင်ရာဥပဒေများ (Maritime Law) နှင့် ပတ်သက်ဆက်စပ်သည့် ကဏ္ဍအလိုက် ပြဋ္ဌာန်းပြီး ဥပဒေ မည်မျှရှိပါသနည်း၊ မရှိသေးပါက (သို့မဟုတ်) ထပ်မံ၍ လိုအပ်မည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအပေါ် မည်သည့်အချိန်တွင် မည်ကဲ့သို့ စတင်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေကို နိုင်ငံခြားရေးဝန်ကြီးဌာနကလည်းကောင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေကို ကာကွယ်ရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

The Myanmar Merchant Shipping Act ကို ၁၉၂၃ ခုနှစ်က ရေးဆွဲ၍ ၂၀၀၇ တွင် နောက်ဆုံးပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိတွင် ခေတ်နှင့်လျော်ညီအောင် ကုန်သည်သင်္ဘောဥပဒေ (Merchant Shipping Law) (မူကြမ်း)ဟု ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ The Myanmar Registration of Ships Act၊ ပင်လယ်ရေကြောင်းသွားလာမှု သဘောတူစာချုပ်များအကဲဥပဒေ၊ ပြည်တွင်းရေကြောင်းသွား ရေယာဉ်ဥပဒေ၊ မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေနှင့် The Ports Act (ဆိပ်ကမ်းများအက်ဥပဒေ)သည် ၁၉၀၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် နောက်ဆုံးပြန်လည်ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ မီးပြတိုက် အက်ဥပဒေ၊ The Bills of Lading Act၊ The Carriers Act၊ The Burma Carriage of Goods by Sea Act နှင့် ဘက်စုံပို့ဆောင်ရေးဥပဒေတို့ကို ပို့ဆောင်ရေးဝန်ကြီးဌာနက ရေးဆွဲပြဋ္ဌာန်းထားပါကြောင်း။



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပစဉ်။

ထို့ပြင် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေနှင့် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေတို့သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ဥပဒေများဖြစ်ပြီး လက်ရှိအချိန်တွင် အဆိုပါဥပဒေနှစ်ခုကို ပေါင်းစပ်ပြင်ဆင်၍ ပင်လယ်ငါးလုပ်ငန်းဥပဒေအဖြစ် အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကလည်းကောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက လည်းကောင်း၊ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက လည်းကောင်း၊ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေနှင့် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေများကိုကျန်းမာရေးဝန်ကြီးဌာနကလည်းကောင်း ရေးဆွဲပြဋ္ဌာန်းထားကြပါကြောင်း။

ရေထုညစ်ညမ်းမှုဆိုင်ရာဥပဒေ (Marine Pollution Law)(မူကြမ်း)နှင့် ပင်လယ်ရေကြောင်း အလုပ်သမားရေးရာဥပဒေ (မူကြမ်း)တို့သည် မိမိတို့နိုင်ငံတွင် မရှိသေးသည့်အတွက် ပြန်လည်ရေးဆွဲလျက်ရှိပါကြောင်း။

နိုင်ငံတိုင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေကြောင်းအကျိုးစီးပွား သို့မဟုတ် ပင်လယ်ပြင်အကျိုးစီးပွားကို အထောက်အကူအဖြစ် အသုံးပြုနေသည်ကို တွေ့ရှိရပါကြောင်း၊ ပင်လယ်ပြင်သည် နိုင်ငံတိုင်းအတွက် အရေးပါသည့် အရာတစ်ခုဖြစ်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန်၊ နိုင်ငံ့အကျိုးစီးပွားကို ထိပ်ရောက်စွာ ကာကွယ်နိုင်ရန်အတွက် တင်ပြခဲ့သည့် ဥပဒေများသည် အရေးကြီးပါကြောင်းနှင့် နိုင်ငံမာသည့်ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏ အကျိုးစီးပွားများကို ကာကွယ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးခင်မောင်မြင့်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာအုပ်စုရှိ ကျေးရွာ ၁၇ ရွာတွင် ဆက်သွယ်ရေးကဏ္ဍ ပိုမိုကောင်းမွန်စေရန်အတွက် ကျောက်တောကျေးရွာ သို့မဟုတ် သင့်တော်ရာကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်များ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ကျောက်တောကျေးရွာအုပ်စုသည် ရပ်စောက်မြို့မှ ကီလိုမီတာ ၂၀ ကျော်ကွာဝေးပြီး ကျေးရွာ ၁၇ ရွာ အနက် ကျောက်တော၊ ဗန်းမက်၊ ကျောက်တစ်လုံး၊ လယ်ပိုင်း၊ နန့်ဟူး၊ ဆင်သေကျေးရွာ ၆ ရွာ၌သာ လျှပ်စစ်မီးရရှိပြီး ကျန်ကျေးရွာ ၁၁ ရွာတွင် လျှပ်စစ်မီး မရရှိပါကြောင်း၊ သို့ပါ၍ MPT၊ ATOM နှင့် U9 အော်ပရေတာများအနေဖြင့် ကျောက်တောကျေးရွာအုပ်စုတွင် မိုဘိုင်းစခန်းအသစ် တည်ဆောက်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း။

သို့သော် ကျောက်တောကျေးရွာအုပ်စုရှိ ပြည်သူများ ဆက်သွယ်မှု ပိုမိုကောင်းမွန်စွာ ရရှိအသုံးပြုနိုင်စေရန်ရည်ရွယ်၍ Mytel မိုဘိုင်းစခန်းအား ဗန်းမက် ကျေးရွာနှင့် ဟင်းခါးကုန်းကျေးရွာတို့တွင် တည်ဆောက်နိုင်ရေး မြေနေရာများရရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပြီး မြေနေရာများရရှိပြီးပါက တာဝါတိုင်တည်ဆောက်ခြင်း လုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၁၇ ရွာအနက် ကျေးရွာ ၈ ရွာအတွင်းရှိ ပြည်သူများအနေဖြင့် Mytel ၏ ဆက်သွယ်ရေးဝန်ဆောင်မှုများအား အပြည့်အဝရရှိအသုံးပြုနိုင်မည် ဖြစ်ပါကြောင်း။

ကျောက်တောကျေးရွာအုပ်စုအတွင်းရှိ ကျန်ရှိသည့် ကျေးရွာ ၉ ရွာတွင် မိုဘိုင်းဆက်သွယ်ရေးစခန်းသစ်များ တည်ဆောက်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အားရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ခြင်းဆက်ဆိုင်ရာ ဆက်သွယ်ရေးနှင့် နယ်မြေဒေသအခြေအနေများအပေါ် မူတည်၍ မြေပုံစစ်ဆေးတိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသောအချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဒေါက်တာအမဲဇော်လတ်(ခ) ဆမ်းမားကို(စိ)၏ **ရှမ်းပြည်နယ် '၀'ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်အတွင်း ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုကောင်းမွန်လာစေရန် လိုအပ်လျက်ရှိသော တာဝါတိုင်များ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က မက်မန်းမြို့နယ်တွင် ရပ်ကွက် ၂ ခု၊ ကျေးရွာ ၅၁ ရွာနှင့် အိမ်ခြေစုစုပေါင်း ၃၉၈၃ အိမ်ခန့်ရှိပြီး လျှပ်စစ်မီးမရရှိသေးပါကြောင်း၊ ထို့ကြောင့် MPT နှင့် Mytel တို့၏ မိုဘိုင်းစခန်းများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဒီဇယ်အင်ဂျင် ဖြင့်သာ အသုံးပြု၍ ဝန်ဆောင်မှုပေးထားရပါကြောင်း၊ အဝေးဆက်သွယ်ရေးစနစ် ရယူထားသည့် မိုဘိုင်းစခန်းများအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ဒီဇယ်အင်ဂျင် ဖြင့်သာ အသုံးပြု၍ ဝန်ဆောင်မှုပေးထားရပါကြောင်း၊ အဝေးဆက်သွယ်ရေးစနစ် ရယူထားသည့် မိုဘိုင်းစခန်းအသစ် ထပ်မံတည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

မက်မန်းမြို့နယ်သည် တောင်ကုန်း၊ တောင်တန်းများထူထပ်ပြီး ပြန့်ကျဲစွာနေထိုင်ကြခြင်း၊ နယ်မြေဒေသသွားလာရခက်ခဲခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အဝေးဆက်ကြောင်းတည်ဆောက်ရန် ခက်ခဲခြင်းတို့ကြောင့် မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ အနေဖြင့် လတ်တလော မိုဘိုင်းစခန်းအသစ် ထပ်မံတည်ဆောက်ရန် အစီအစဉ်မရှိသေးပါကြောင်း။

သို့သော် နယ်မြေဒေသများတွင် လျှပ်စစ်ဓာတ်အား ရရှိမှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ခိုတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေအနေများအပေါ်မူတည်၍ မြေပုံစစ်ဆေးတိုင်းတာခြင်းနှင့် မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရရှိလာသော အချက်အလက်များအရ ဆက်သွယ်ရေးလိုအပ်ချက် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက နိုင်ငံတော်ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးထွန်းအောင်ဝင်း၏ **စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် ကောလင်းခရိုင်အတွင်းရှိ နေရပ်စွန့်ခွာ ပင်စင်စားဝန်ထမ်းများအား မိမိတို့ရောက်ရှိရာဒေသရှိ ဘဏ်များတွင် Centralized E Pension Card များဖြင့် ပင်စင်လစာထုတ်ယူခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Centralized E Pension Card နှင့် ပင်စင်လစာထုတ်ယူနိုင်သော ဘဏ်ခွဲများ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မြန်မာ့စီးပွားရေးဘဏ် ကသာခရိုင်ဘဏ်ခွဲကို နယ်မြေဒေသအခြေအနေများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်နှင့် ကောလင်းမြို့နယ်ဘဏ်ခွဲကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှစ၍ ဘဏ်ဝန်ဆောင်မှုများ ယာယီရပ်ဆိုင်းခဲ့ပါကြောင်း၊ ကသာခရိုင်ဘဏ်ခွဲကို ၂၀၂၆ ခုနှစ် မေ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကောလင်းမြို့နယ်ဘဏ်ခွဲကို ယနေ့အထိ ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါကြောင်း၊ Centralized e-Pension စနစ်ဆောင်ရွက်နိုင်ရေးအတွက် အင်တာနက်ရရှိမှုသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ် ကသာဘဏ်ခွဲနှင့် ကောလင်းဘဏ်ခွဲတို့တွင် အင်တာနက်လိုင်းမရရှိသည့်အတွက် Centralized e-Pension စနစ်ကို ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း။

သို့သော်နေရပ်စွန့်ခွာပင်စင်စားဝန်ထမ်းများအား မိမိတို့ရောက်ရှိရာဒေသရှိ နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် e-Pension Card ဖြင့်လည်းကောင်း၊ အငြိမ်းစားလစာထုတ်ခြင်းအပုံဖြင့် လည်းကောင်း တင်ပြ၍ ပင်စင်လစာထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာမျက်နှာ ၇ သို့ ✦

✦ စာမျက်နှာ ၆ မှ

သို့ပါ၍ မြို့နယ်ဒေသန္တရအုပ်ချုပ်ရေး ကောင်းမွန်စွာ လည်ပတ်နိုင်မှု၊ အင်တာနက်လိုင်းရရှိမှုအခြေအနေတို့အပေါ် မူတည်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် Centralized e-Pension စနစ် တိုးချဲ့ရန် ကျန်ရှိနေသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲများကို ထပ်မံတိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟူမွလင်းမြို့နယ်တွင် ဖွင့်လှစ်ပေးရန်ကျန်ရှိနေသေးသော လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတို့အား မည်သည့် ဘဏ္ဍာရေးနှစ်တွင် ရန်ပံ့ငွေ ခွဲဝေချထား ဖွင့်လှစ်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က စစ်ကိုင်းတိုင်းဒေသကြီး ဟူမွလင်းမြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းတို့ ဖွင့်လှစ်နိုင်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရနှင့် MoU လက်မှတ်ရေးထိုးပြီးပါက စီမံကိန်းလုပ်ငန်းများကို စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လူငယ်သင်တန်းကျောင်းကို ခေါင်ခမ်းကျေးရွာအုပ်စု အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် တစ်မိုင်ခန့်အကွာ ငါးဇကၡရီယာရှိ မြေနေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ၆ လ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရေမျက်နှာစာအုတ်တံတိုင်း သံပန်းကာရံခြင်းနှင့် ကွန်ကရစ်တိုင် Chain Link ခြံစည်းရိုး ကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။ အိမ်တွင်းမှု သင်တန်းကျောင်းကို လူငယ်သင်တန်းကျောင်း ဖွင့်လှစ်မည့်နေရာနှင့် ငါးဖာလုံခန့်အကွာ ဇရီယာ ငါးဇကၡရီမြေနေရာကို လျာထားပါကြောင်း၊ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးပါက ဖွဲ့စည်းပုံတိုးချဲ့ ခွင့်ရှိရေး တင်ပြဆောင်ရွက်ခြင်း၊ တင်ဒါ ခေါ်ယူခြင်း၊ သတ်မှတ်စီမံကိန်းကာလအတွင်း တည်ဆောက်ရေး လုပ်ငန်းများ အပြီးသတ်ဆောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ပြီးပါက သင်တန်းကျောင်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရန်ဖွန့် (Rakwi Pung)၏ **ကချင်ပြည်နယ် ပုတာအိုခရိုင်တွင် ဒီဂရီကောလိပ်/တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပုတာအိုမြို့မှ မြစ်ကြီးနားမြို့သို့ မိုင် ၂၀၀ ကျော်ကွာဝေးပြီး အချိန်ကြာမြင့်မှု၊ ခရီးစရိတ်နှင့် လမ်းခရီးအခက်အခဲများရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပုတာအိုဒေသ၌ ဒေသနှင့်ကိုက်ညီသည့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှုနှင့် ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်မှုတို့အတွက် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးတွန်းအားဖြစ်သည့် မြန်မာ့ပညာရေး အဆင့်အတန်းမြင့်မားရေးအတွက် နှစ်စဉ် နိုင်ငံတော်မှခွဲဝေပေးသည့် ပညာရေးရန်ပုံငွေများကို လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေး (Human Capital) ကဏ္ဍတွင် ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်စာရင်းများအရ ပညာရေးဝန်ကြီးဌာန၏ အသုံးစရိတ်သည် နိုင်ငံတော်၏ စုစုပေါင်းအသုံးစရိတ်အပေါ် ၆ ဒသမ ၄၆ ရာခိုင်နှုန်း၊ ပြည်ထောင်စု၏ စုစုပေါင်းအသုံးစရိတ်အပေါ် ၆ ဒသမ ၉၂ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍအတွက် ပညာရည်မြင့်မားရေးနှင့် သုတေသန လုပ်ငန်းကို အဓိကဆောင်ရွက်လျက်ရှိသည့် ဦးစီးဌာနများဖြစ်သည့် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးဦးစီးဌာနတို့သည် လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ် Education Management Information System-EMIS အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဆရာ ဆရာမများ၏ စွမ်းရည်မြင့်မားလာစေရန် လမ်းညွှန်ပေးသည့် သုတေသနစာအုပ်စာတမ်းများ၊ အစီရင်ခံစာများ ထုတ်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း အဆိုပါဦးစီးဌာနများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ပျမ်းမျှဘဏ္ဍာငွေ အသုံးပြုမှုရာခိုင်နှုန်း ၆၉ ဒသမ ၂၆ ရာခိုင်နှုန်းဖြစ်ပြီး ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ၇၃ ရာခိုင်နှုန်းအထိ အသုံးပြုပါကြောင်း။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာငွေများကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး ကဏ္ဍအတွက် ရလဒ်အခြေပြု(Result-based)စနစ်ဖြင့် ဦးစီးဌာနအလိုက် အဆင့်လိုက် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် အဆောက်အအုံများ ပြင်ဆင်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းစဉ်များ၊ အခြေခံအဆောက်အအုံ ထိန်းသိမ်းတည်ဆောက်ရေးကဏ္ဍများအတွက် ဘဏ္ဍာငွေများကို မဖြစ်မနေခွဲဝေသုံးစွဲနေရခြင်း ဖြစ်ပါကြောင်းနှင့် ရှေ့လာမည့်ဘဏ္ဍာရေးနှစ်များတွင် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေး (Human Capital) ကဏ္ဍများအတွက် အကျိုးရှိအထိရောက်ဆုံးဖြစ်စေရန် ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ အဆင့်လိုက် တိုးမြှင့်သုံးစွဲနိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် ယခုထက် တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆက်လက် စိစစ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်းရှိ ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ ယာယီနေရပ်စွန့်ခွာပြည်သူများကို အခြေခံစားသောက်ကုန် (ဆန်၊ ဆီ၊ ဆား)များ ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတော်မှသတ်မှတ်ထားရှိသော ထောက်ပံ့ငွေများ အပြည့်အဝပေးနိုင်ခြင်း ရှိ/မရှိ၊ လိုအပ်သောနေရာများတွင် IDP Campယာယီစခန်းများ ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စုရပ်နေရာများ၌ လစဉ်ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ရှိသည့် ဗန်းမော်မြို့နယ်၊ မံစီမြို့နယ်၊ မိုးမောက်မြို့နယ်နှင့် ရွှေကူမြို့နယ်များမှ နေရပ်စွန့်ခွာပြည်သူများကို ယာယီနေထိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် IDP Camp များ၊ ယာယီခိုလှုံရာစခန်းများ ဆောက်လုပ်ပေးပြီး အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့မှ ငွေသားထောက်ပံ့ခြင်း၊ အခြေခံစားသောက်ကုန်များထောက်ပံ့ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ဆင်းဘားဝန်ကြီးဌာနတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယာယီနေရပ်စွန့်ခွာသူများအနေဖြင့် ရောက်ရှိရာဒေသများတွင် မိမိတို့၏နေ့စဉ်အသက်မွေးဝမ်းကြောင်း လုပ်ငန်းများကို မိမိတို့တတ်ကျွမ်းရာ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်စားလှယ်များ၏ ပံ့ပိုးမှုများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး မိခိုမှုကင်းသည့်ဘဝများကို ပြန်လည်ထူထောင်ရေးကို ဦးတည်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အသေးစား၊ အငယ်စား၌ အလယ်တန်းစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြပြီး ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အမျိုးသားလွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံတွင် ခေတ်မီပြီး ဘက်စုံလွှမ်းခြုံနိုင်သော တစုတစည်းတည်းသော ကိုယ်ရေးအချက်အလက် ကာကွယ်ရေးဥပဒေ (Personal Data Protection Law) တစ်ရပ်အား အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်က နိုင်ငံတစ်နိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အအုံများသာမက ပြည်သူများ၏ယုံကြည်မှုသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့၏ကိုယ်ရေးအချက်အလက်များကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်မည်ဟု ယုံကြည်မှုရှိမှသာ အွန်လိုင်းဘဏ်လုပ်ငန်း၊ အီလက်ထရောနစ်ကုန်သွယ်ရေးနှင့် အစိုးရ၏ ဒီဂျစ်တယ်ဝန်ဆောင်မှုများကို ပိုမိုတွင်ကျယ်စွာ အသုံးပြုလာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် ဒေတာအချက်အလက်များ ဖလှယ်၍ လုပ်ငန်းများဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချရသော လုံခြုံရေးစံနှုန်းများနှင့်ကိုက်ညီသည့် ဥပဒေတစ်ရပ်ရှိရှိခြင်းဖြင့် စီးပွားရေးပွားပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အရေးပါသည့် အခြေခံအချက်တစ်ခု ဖြစ်လာနိုင်ပါကြောင်း။

ကိုယ်ရေးအချက်အလက်များကို ကာကွယ်ခြင်းသည် ဒေတာများကိုသာ ကာကွယ်ခြင်းမဟုတ်ဘဲ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်လုံခြုံမှု၊ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် ယုံကြည်မှုတို့အတွက် ကာကွယ်ခြင်းပင်ဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် သက်ဆိုင်ရာဌာနများ၊ ဥပဒေပညာရှင်များ၊ နည်းပညာကျွမ်းကျင်သူများနှင့် သက်ဆိုင်သူများ ပူးပေါင်းပါဝင်စေပြီး နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီကာ မြန်မာနိုင်ငံ၏အခြေအနေနှင့် သင့်လျော်သော ခေတ်မီဘက်စုံလွှမ်းခြုံသည့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေးဥပဒေကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် အဆိုသည် ပြည်သူများ၏အခွင့်အရေးကို ကာကွယ်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်၏ ဒီဂျစ်တယ်အနာဂတ်တည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သော အဆိုဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လွင်ထွေးက ပြည်သူတစ်ဦးသည် ဘဏ်စာရင်းဖွင့်ခြင်း၊ ဆေးကုသမှုခံယူခြင်း၊ အွန်လိုင်းမှပစ္စည်းများမှာယူခြင်းစသည်တို့လုပ်ဆောင်ရာတွင် မှတ်ပုံတင်နှင့် နေရပ်လိပ်စာအချက်အလက်များပေးရာမှ လိမ်လည်မှုများဖြစ်လာနိုင်သည့်အတွက် ပြည်သူကို သတိထားနိုင်စေရန် အသိပညာပေးရန်လိုအပ်သကဲ့သို့ အချက်အလက်ကို လက်ခံသိမ်းဆည်းသည့် အဖွဲ့အစည်းများသည်လည်း တာဝန်ယူမှု တာဝန်ခံမှုရှိရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ လက်တွေ့အသုံးချနိုင်သည့် အခွင့်အရေးများကို ဥပဒေတွင် ထည့်သွင်းပေးရန် လိုအပ်ပါကြောင်း။

ထို့ပြင် အသေးစားလုပ်ငန်းများအတွက် လုပ်ငန်းအရွယ်အစားနှင့် အချက်အလက်၏ အန္တရာယ်အဆင့်အလိုက် လိုက်နာရမည့်တာဝန်များကို ချိန်ညှိပြီး လက်တွေ့သုံးနိုင်သည့်လမ်းညွှန်ချက်များ ထုတ်ပြန်ပေးသင့်ပါကြောင်း၊ တိုင်ကြားမှုကို လက်ခံဖြေရှင်းပေးနိုင်သည့် ကြိုးကြပ်ရေးစနစ်ထားရှိရန်လည်း လိုအပ်ပါကြောင်း၊ အရေးယူရာတွင်လည်း ပေါ့ဆမှုနှင့် ရည်ရွယ်ချက်ရှိရှိ အလွဲသုံးစားလုပ်မှုကို ခွဲခြားပြီး ထိခိုက်မှုအတိုင်းအတာ၊ ထပ်ခါကျူးလွန်မှုနှင့်ပြင်ဆင်ဆောင်ရွက်ခဲ့မှုတို့ကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထိုစည်းကမ်းများကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများတွင် သက်ဆိုင်ရာလုပ်ငန်းသဘောအလိုက် ကျင့်သုံးနိုင်ရန်လိုအပ်ပါကြောင်း၊ ပြည်သူ့အကျိုးစီးပွားအတွက်ဖြစ်စေ၊ ဥပဒေအရစုစမ်းစစ်ဆေးမှုအတွက်ဖြစ်စေ ခြွင်းချက်လိုအပ်ပါက ဥပဒေတွင် ရှင်းလင်းစွာသတ်မှတ်သင့်ပါကြောင်း၊ ဥပဒေမူကြမ်းရေးဆွဲမည့် အချိန်ဇယားနှင့် တာဝန်ယူမည့်အဖွဲ့ကို သတ်မှတ်ပြီး ဥပဒေပြဋ္ဌာန်းပြီးနောက် လက်တွေ့လိုက်နာနိုင်ရန် လမ်းညွှန်ချက်များနှင့် ပြင်ဆင်ချိန်ကိုပါ တစ်ပါတည်းစီစဉ်ပေးစေလိုပါကြောင်း၊ ထို့ကြောင့် လက်တွေ့အကျိုးရှိစေမည့် ကိုယ်ရေးအချက်အလက်ကာကွယ်ရေး ဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပေးရန်အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်စိုးစိုးမြင့်က ကိုယ်ရေးအချက်အလက်ကာကွယ်ရေး (Personal Data Protection) ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ အသုံးပြုခြင်း၊ သိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်း၊ ရောင်းချခြင်းနှင့် အလွဲသုံးစားပြုခြင်းတို့မှ ကာကွယ်ပေးခြင်းဟု အဓိပ္ပာယ်ရပါကြောင်း၊ ခွင့်ပြုချက်မရှိဘဲ အခြားသူထံပေးအပ်လိုက်ခြင်း၊ အချက်အလက်များကိုရောင်းချခြင်း၊ အွန်လိုင်းမှ ဝိုးယူခံရခြင်း၊ လိမ်လည်မှုများအတွက် အသုံးပြုခြင်း၊ မိမိနှင့်မသက်ဆိုင်သော ရည်ရွယ်ချက်များအတွက် အသုံးပြုခြင်းစသည်တို့ ဖြစ်ပေါ်လာပါက နိုင်ငံသားတစ်ဦးချင်းစီ၏ လုံခြုံရေး၊ ငွေကြေးနှင့် ကိုယ်ရေးလုံခြုံမှုတို့ကို ထိခိုက်စေနိုင်သောကြောင့် ဥပဒေနှင့် ကာကွယ်ပေးရန်လိုအပ်ခြင်းဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံတွင် ၇၉ ရာခိုင်နှုန်းခန့်သည် ကိုယ်ရေးအချက်အလက်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်လေ့လာပြီး နိုင်ငံတော်၏လုံခြုံရေး၊ အများပြည်သူအကျိုးစီးပွားကို ကာကွယ်ခြင်းနှင့် နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ခြင်းတို့အတွက် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ ကိုယ်ရေးလုံခြုံမှုကို ချိုးဖောက်ခံရပါက တိုင်ကြားနိုင်သည့်ဌာန၊ အင်တာနက်အသုံးပြုမှုနှင့် ကိုယ်ရေးအချက်အလက်များကို ရယူနိုင်ခွင့်အခြေအနေ၊ နှစ်နာသူများအတွက် လျော်ကြေးပေးနိုင်သည့်စနစ်၊ ကိုယ်ရေးအချက်အလက်များကို သိမ်းဆည်းထားသည့် အစိုးရဌာနနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများအပေါ် သီးခြား Personal Data Protection Law ပြဋ္ဌာန်းရန် အထူးလိုအပ်လျက်ရှိပါကြောင်း၊ အဆိုပါဥပဒေသည် ပြည်သူများ၏ ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ပေးနိုင်ရုံသာမက Digital Economy၊ E-Government၊ E-Commerce၊ Digital Banking နှင့် နိုင်ငံတကာ Data Flow များအတွက် ယုံကြည်စိတ်ချရသောဥပဒေရေးရာကို တည်ဆောက်ပေးနိုင်မည်ဖြစ်ပါသောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဦးဝဏ္ဏစိုး၊ မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၊ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဦးလွမ်းမိုးနိုင်နှင့် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) ဦးဖေသန့်စေတို့က ဆက်လက်ဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းကို နိုဝင်ဘာ ၁၃ ရက်တွင် ကျင်းပမည့် ၁၇ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက်တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

လွတ်တော်အသီးသီးအတွက် လွတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များ သတ်မှတ်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၁ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

လွတ်တော်အသီးသီးအတွက် လွတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့် နေ့ရက်များသတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

(၁) လွတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင် တင်သွင်းနိုင်သည့် နေ့ရက်	၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်
(၂) လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းနိုင်သည့် နောက်ဆုံးနေ့ရက်	၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်
(၃) လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက်	၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်
(၄) လွတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက်	၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်မှ ၂၀၂၇ ခုနှစ်၊ ဧန်နဝါရီလ ၉ ရက်အထိ

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဘရာဇီးလ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ရေးရာအတွင်းဝန် သံအမတ်ကြီး မစွစ် ဆူဇန် ကလီဘန့်အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် (၅)ကြိမ်မြောက် မြန်မာ-ဘရာဇီးလ် နိုင်ငံရေးရာဆွေးနွေးပွဲသို့တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဘရာဇီးလ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့် ပစိဖိတ်ရေးရာ အတွင်းဝန် သံအမတ်ကြီး မစွစ် ဆူဇန် ကလီဘန့်အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အဆင့်မြင့် ခရီးစဉ်များ စီစဉ်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် အပြန်အလှန်ထောက်ခံကူညီရေး တို့နှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစွတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၁

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစွတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနခွဲ၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်ဖက်စီးပွားရေးအသိုက်အဝန်းများအကြား ချိတ်ဆက်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရေး၊ အာဆီယံမဟောဘာအတွင်းပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးတို့အပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှား သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံး ယာယီတာဝန်ခံနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥရောပအာရှစီးပွားရေးကော်မရှင်နှင့် ဥရောပအာရှစီးပွားရေးသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ဧည့်သည်တော်ဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Park Royal ဟိုတယ်၌ ညစာစားပွဲဖြင့် ကြိုဆိုတည်ခင်းဧည့်ခံပြီး ညစာစားပွဲသို့ ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် မေခရီ (အကြီးစား) စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး မစွတာ ဒါနီရာ အီမာနာလီယက် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးယာယီတာဝန်ခံ၊ ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သတင်းစဉ်

ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ဝမ်းတွင်း နိုဝင်ဘာ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ရွာတန်းကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ရွာသစ်ကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ပေ ၁၁၅၀၊ အကျယ် ၁၂ ပေ၊ ထူ ၆ လက်မ ရှိ ကွန်ကရစ်ခင်းခြင်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ခွင့်ပြု ငွေကျပ် ၁၅သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၅၁ ဒသမ ၉၆ သန်း၊ စုစုပေါင်း ငွေကျပ် ၆၆ ဒသမ ၉၆ သန်းဖြင့် ဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ရွာသစ်ကျေးရွာရှိ ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစွာသွားလာနိုင်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
နေ့လူး(ကျေးလက်)



မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

မန္တလေး၊ နိုဝင်ဘာ ၁၁

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးဓိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဒိုင်လှုကြီးများ၊ အသင်းအုပ်ချုပ်သူနှင့်နည်းပြများ၊ တိုင်းဒေသကြီးအမျိုးသမီးအားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်မြို့နယ်အသင်းများနှင့် ဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင် ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အေရိုးဗစ်ပြိုင်ပွဲများတွင် မန္တလေးတိုင်းဒေသကြီး အေရိုးဗစ်အသင်းအောင်မြင်မှုရရှိစေရန်၊ လူထုအားကစားလုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန်၊ အားကစားလှုပ်ရှားမှုများတွင် စုပေါင်းလှုပ်ရှားသော အလေ့အကျင့်ကောင်းများ ရရှိလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ပြီး အမျိုးသမီးထုကြံ့ခိုင်မှုဖြင့် ကမ္ဘာ့အဆင့်မီ တက်လှမ်းမည် ဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်ပါကြောင်း နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြား၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီးနောက် အသင်းများမှ အတွဲလိုက် ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ ပြိုင်ပွဲတွင် ကိုးယောက်တွဲ၊ သုံးယောက်တွဲ အတွဲလိုက်နှင့် တစ်ဦးချင်းပါဝင်ကာ နိုဝင်ဘာ ၁၃ ရက် အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

ချောက်မြို့၌ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထပ်ဆောင်းထိုးနှံပေး

ချောက် နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အသက် ကိုးလမှ ၅၉ လအတွင်းရှိ ကလေးငယ်များအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး(MR) ထပ်ဆောင်းထိုးနှံပေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်းကိုယ်အလေးချိန် ချိန်ခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်းများ အသိပညာပေးလုပ်ငန်းများကို ကာကွယ်ဆေးထိုးစုရပ်များတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၅)ရပ်ကွက် ဆေးထိုးစုရပ်၌ ထိုးနှံပေးသည်။



အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၅၉ လ အတွင်းရှိ ကလေးငယ်စုစုပေါင်း ၇၇၂၄ ဦးအား ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး(MR)များကို ထပ်ဆောင်းထိုးနှံပေးခဲ့ကြပြီး အာဟာရဆိုင်ရာ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကိုလည်း မိဘပြည်သူများထံ အသိပညာပေး ဆောင်ရွက်ခဲ့သည်။

ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ မျိုးသက်ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၉ ရက်မှ စတင်ကာ ၁၃ ရက်အထိ မြို့နယ်ကျေးရွာအုပ်စုအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(ခဲပုံဝင်းအိမွန်(ပြန်/ ဆက်)

တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေး CTME အခမ်းအနား ကျင်းပ

မန္တလေး၊ နိုဝင်ဘာ ၁၁

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့်တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၁၀၀)ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံတို့ ပူးပေါင်းစီစဉ်ကြသော တိုင်းရင်းဆေးပညာစဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် CTME အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်းရပ်ကွက်ရှိ ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး အရိုးအကြောအဆစ်ကုသဆောင်တွင် ကျင်းပပြုလုပ်သည့် CTME အခမ်းအနားတွင် သဘာပတိအဖြစ် ဦးစန်းလွင် တိုင်းဒေသကြီး ဦးစီးမှူး(ပြီမံး) တိုင်းရင်းဆေးပညာဦးစီးဌာန၊ မန္တလေးမြို့က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခုတင် ၁၀၀ ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီး ဆေးရုံအုပ်ကြီးဒေါ်မိမိက CTME အခမ်းအနားဖြစ်မြောက်ရေး ကူညီပံ့ပိုးသော ဒေါ်ခင်ဝင်း ဇေတဝန်ဆေးတိုက် ချမ်းမြေသာစည်မြို့နယ်နှင့်ဘိုထိုင်အိမ်သာ အလှူရှင် ပြင်ဦးလွင်မြို့နေ ဦးသန်းထွန်း၊ ဒေါ်မာမာဦး မိသားစုတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ဒေါ်ခင်သန္တာလွင် တိုင်းရင်းဆေးမှူး ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးက ကလေးသူငယ်နာလေးနံရောဂါခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာသူများ၏ သိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ဆွေးနွေးဖြေကြားပြီး ဟောပြောသူအား ဂုဏ်ပြုလွှာများ ပေးအပ်ကြသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမန္တလေးတိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ စက်ရုံမှူး ဦးသန်းထွန်းအောင် ခုတင် ၁၀၀ ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံမှ ဆရာ၊ ဆရာမများ၊ အလုပ်သင်ဆရာ၊ ဆရာမများ ဖိတ်ကြားထားသူများ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းနိုင်၊ ဘဏ္ဍာရေးမှူး ဦးသိုက်ထွန်း၊ အလုပ်အမှုဆောင်နှင့် အသင်းဝင်ဆရာ၊ ဆရာမများ၊ တိုင်းရင်းဆေးကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၇၀)

o–o–o–o–o

အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်းပိုစတာပြိုင်ပွဲ အောင်မြေသာစံမြို့နယ်တွင် ကျင်းပ

မန္တလေး၊ နိုဝင်ဘာ ၁၁

အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မူလတန်းအဆင့် ၅၀၀ ဦး၊ အလယ်တန်းအဆင့် ၃၀၀ ဦး၊ အထက်တန်းအဆင့် ၈၃ ဦး၊ စုစုပေါင်း ၈၈၃ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲကို ခရိုင်ပညာရေးမှူး ဦးသိန်းဒန်၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာခင်သီတာနှင့် တာဝန်ရှိသူများက ကြိုးကြပ်ဆောင်ရွက်ပေးကြသည်။

"ယနေ့ကျင်းပတဲ့ အာကာသနည်းပညာပြိုင်ပွဲမှာ အခြေခံပညာ ထက်၊ လယ်၊ မူအဆင့် အာကာသနည်းပညာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ၊ မြို့နယ်အဆင့် အခြေခံပညာမူလတန်းအဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဖြစ်ပါတယ်။ ကျင်းပရတဲ့ ရည်ရွယ်ချက်ကတော့ အနာဂတ်မျိုးဆက်သစ်လူငယ်များရဲ့ အာကာသသိပ္ပံနှင့်နည်းပညာအပေါ် စိတ်ဝင်စားမှုတွေ ပိုပြီးမြင့်တင်ပေးရုံနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အနုပညာဖန်တီးမှုတွေကတစ်ဆင့် သူတို့ရဲ့ စိတ်ကူးဉာဏ်တွေကို ဖော်ထုတ်ပြသနိုင်ဖို့ ရည်ရွယ်ပါတယ်။ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများကတော့ အောင်မြေသာစံမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာ ထက်၊ လယ်၊ မူကျောင်း ၅၄ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း ခုနစ်ကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၂၆ ကျောင်း၊ စုစုပေါင်း ၈၇ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။

ယနေ့မူလတန်းအဆင့်မှာ ပန်းချီ ၃၂၀ ဦး၊ ကာတွန်း ၉၅ ဦး၊ ပိုစတာ ၈၅ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူဦးရေ ၅၀၀ ဦး ယှဉ်ပြိုင်ကြတာဖြစ်ပါတယ်။ ဒုတိယနေ့မှာ အလယ်တန်းအဆင့်ပန်းချီ ၂၂၅ ဦး၊ ကာတွန်း ၃၇ ဦး၊ ပိုစတာ ၃၈ ဦး၊ စုစုပေါင်း ကျောင်းသား၊ ကျောင်းသူဦးရေ ၃၀၀ ဦး ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ တတိယနေ့မှာ အထက်တန်းအဆင့်ပန်းချီ ၅၃ ဦး၊ ကာတွန်း ၁၇ ဦး၊ ပိုစတာ ၁၃ ဦး၊ စုစုပေါင်းကျောင်းသား၊ ကျောင်းသူဦးရေ ၈၃ ဦး ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အားလုံးပေါင်း ယှဉ်ပြိုင်သူ (ထက်၊ လယ်၊ မူ)စုစုပေါင်း ၈၈၃ ဦး ရှိပါတယ်။

(အပေါ်ပုံ)



ယခုပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများကို လက်ရွေးစင်ရွေးချယ်ပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာအာကာသအေဂျင်စီတို့ကြီးမှူးကျင်းပတဲ့ မန္တလေးကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမမှာ ဆက်လက်ပြိုင်ပွဲဝင်သွားမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးက ပြောသည်။

(မန္တလေးနေ့စဉ်-၆)

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင် ခြောက်ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံ

နေပြည်တော် နိဝင်ဘာ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသဖြင့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း ခြောက်ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံ ဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူးဗိုလ်ချုပ် အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက ဥပဒေဆိုင်ရာအသိပညာပေးစကားများ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-79 LL ၄၀ မမ ဆုံးလည်သေနတ် တစ်လက်၊ K-25 သေနတ် နှစ်လက်၊ KA သေနတ် တစ်လက်၊ ၄၀ မမ ဗုံးသီးလုံး ၂၀၊ လက်ပစ်ဗုံး တစ်လုံး၊ ၇.၆၂ ကျည်တောင့် ၂၇၀၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်ကာအင်္ကျီ တစ်ထည်နှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား M-79 LL ၄၀ မမ ဆုံးလည်သေနတ် တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် သုံးလက်အတွက် ငွေကျပ် သိန်း ၁၅၀၊ ၄၀ မမဗုံးသီးလုံး ၂၀ အတွက် ငွေကျပ်သိန်း ၆၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ငွေကျပ် သုံးသိန်း၊ ကျည်ကာအင်္ကျီ တစ်ထည်အတွက် ငွေကျပ်နှစ်သိန်း၊ အလင်းဝင်ရောက်လာသူများ ခြောက်ဦးအတွက် ငွေကျပ်သိန်း ၉၀ တို့ကို ပေးအပ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခဲဝန်ကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် KIA၊ KPDF နှင့် PDF အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရသူများဖြစ်ပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အမမှုမကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နှစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။



ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရသည်။ ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုကဲ့သို့ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

အင်တာဗျူး ၁

သင်တန်းကတော့ နှစ်လတက်ခဲ့ရပါတယ်။ သင်တန်းဆင်းပြီးနောက် တာဝန်ထမ်းဆောင်တဲ့အခါ ဂိတ်မှာပို့တယ်။ ဂိတ်ကနေပြီးတော့ ဒီအပေါ်ကို ပါလာခဲ့တာပါ။ အဖွဲ့အစည်းကလည်း အဆင်မပြေဘူး။ သူတို့ပြောတာ တစ်မျိုး၊ လုပ်တာတစ်မျိုး၊ လုပ်ရပ်တွေက မဟုတ်ဘူး။

အဲဒါကြောင့် ကျွန်တော်မကြိုက်လို့ ဒီဘက်ကို လာရောက်ပြီးတော့ အလင်းဝင်ရောက်ခြင်းဖြစ်ပါတယ်။ ဟိုဘက်မှာ အခက်အခဲတွေကြုံတွေ့တာရှိပါတယ်။ အခက်အခဲတွေကတော့ ကြမ်းတမ်းတယ်။ တစ်ခါတလေ မသွားချင်တဲ့လမ်းလည်း လွှတ်တယ်။ လွှတ်တဲ့လမ်းကိုတော့ သွားခဲ့ရပါတယ်။ စိတ်မပါလည်း သွားရတယ်။ ကိုယ်က မလုပ်ချင်လည်း လွှတ်တာပဲ။ အဲဒါကြောင့်မို့ သူတို့ကိုလည်း မကြိုက်လို့ ဒီဘက်ကို လာရခြင်းဖြစ်တယ်။ သူငယ်ချင်းတွေ အမြင်မှန်ရပြီးတော့ ဒီလိုလေး အလင်းဝင်ပေးဖို့ပေါ့နော်။

နောက်ထပ်ပြောချင်တာက ကျွန်တော်တို့ကို ကြည့်ပေါ့။ နွေးနွေးထွေးထွေးကြိုဆိုတဲ့အကြောင်းကို မှာကြားချင်ပါတယ်။

အင်တာဗျူး ၂

ပဲခင်းမှာ ပေါင်းနှတ်နေတုန်း PDF အဖွဲ့အစည်းက လာပြီး ခေါ်ဆောင်ဖမ်းဆီးသွားပြီးတော့ သင်တန်းတွေပေးကာ ဒီလို ရေ့တန်းတွေ ဘာတွေပို့ခဲ့ရတာပေါ့။ အခက်အခဲတွေကတော့ ရှိပါတယ်။ ဘယ်လိုအခက်အခဲတွေလဲဆိုတော့ သူတို့တစ်ယောက်နဲ့ တစ်ယောက် မတူညီမှုတွေ၊ နောက်ပြီးတော့ လူမျိုးရေးခွဲခြားတာတွေပေါ့။ အဲဒီလိုမျိုးတွေလည်း ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် အထက်က အငယ်ကို နှိပ်စက်တာမျိုးတွေပေါ့။ ဒါမျိုးတွေ အများကြီးရှိပါတယ်။





အလင်းဝင်လာတဲ့ အကြောင်းရင်းက သူတို့တွေ အဲဒီလိုနှိပ်စက်တာတွေလည်း ပါလာတယ်။ နောက်ပြီးတော့ ရိက္ခာပိုင်း ဘာညာတွေလည်း နောက်ဆုံးအဆင်ကမပြေလာတော့ဘူး။ သူတို့နှိပ်စက်တာတွေ ဘာတွေနဲ့ဆိုတော့ သူတို့နဲ့သဘောထားချင်းကလည်း တအားကွဲလွဲတော့ ဒီဘက်ကို အလင်းဝင်လာဖြစ်တာပေါ့။ ကျွန်တော့်သူငယ်ချင်းနဲ့ နှစ်ယောက် လာခဲ့ပါတယ်။ သူက သက်သက် တစ်နေရာပေါ့နော်။ ကျွန်တော်က တစ်နေရာ။ အတူတူစုပြီးတော့ တိုင်ပင်ခဲ့ကြတာပေါ့။ သူငယ်ချင်းအတူသွားမလား ဘယ်လို ဘယ်ညာပေါ့။ ဒီဘက်မှာကတော့ စိတ်ချမ်းသာပါတယ်။ ဂရုတစိုက်လည်း ကြိုဆိုသလို ဝမ်းမြောက်ဝမ်းသာနဲ့ အကုန်လုံးဂရုတစိုက်နေပေးတော့ စိတ်ချမ်းသာပါတယ်။ ဝမ်းလည်းသာပါတယ်။

ဟိုဘက်က ပြောတဲ့ မင်းတို့တွေကို အလင်းဝင်ရင် သတ်ပစ်မယ်တွေ၊ ထောင်ချထားမှာတွေ အဲဒီလိုတွေ ပြောတာတွေ မယုံကြပါနဲ့လို့။ နိုင်ငံတော်ကလည်း လူငယ်တွေအတွက် အကုန်လုံး အလုပ်ကအစ အကုန်လုံး တာဝန်ယူပြီးတော့ လုပ်ဆောင်ပေးနေတဲ့အချိန်မှာ အလင်းမြန်မြန်ဝင်ဖို့ ပြောချင်ပါတယ်။

သတင်းစဉ်



မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေး

တောင်တွင်းကြီး နိဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်နိုင်ဦးဦးဆောင်၍ မီသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာသို့ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ခိုင်ခိုင်ကျော်နှင့် နန်းထက်စံ စက်သုံးဆီ အရောင်းဆိုင်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချရန်နှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအလေးထားဆောင်ရွက်ရန်တို့ ပြောကြားပြီးလိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) ဦးမျိုး(ဗိသနိုးမြေ)

လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူ

နေပြည်တော် နိဝင်ဘာ ၁၁

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီး ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ နိဝင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်၊ ဘုရားကုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဥတ္တရသီရိရပ်ကွက် SI-NMA Shopping Mall အရောက်တွင် ပုဇွသီရိမြို့နယ်၊ မင်္ဂလာဒီဂရပ်ကွက်နေ ဦးဝင်းစိန်(ခ)မိုးမြင့်(၇၅) နှစ်ဆိုသူ မောင်းနှင်သည့် TOYOTA LEXUS အမျိုးအစား မော်တော်ယာဉ်အား မသက်ဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဝင်းစိန်(ခ)မိုးမြင့်ဆိုသူအား ဘုရားကုန်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်း ကောင်း၊

အလားတူ နံနက် ၁၁ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စိန်ကုန်းရပ်ကွက်၊ မန္တလေး-မုံရွာကားလမ်းကျော်ထက်ကွေ့မီးပွိုင့်၌ အမှတ် (၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် အဆိုပါလမ်းအတိုင်း မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်နေ ကိုဟန်ဝင်းဇော်(ခ)ဟေရှမ်း(၂၈)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA MARK X အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဟန်ဝင်းဇော်(ခ)ဟေရှမ်းဆိုသူအား စစ်ကိုင်းမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



နိုင်ငံတကာ အားကစား သတင်းများ

ယာမဲလ် ဒူးဒဏ်ရာကြောင့် ရက်သတ္တအနည်းငယ် အနားယူရဖွယ်ရှိ

ဘာစီလိုနာ နိုဝင်ဘာ ၁၁

ဘာစီလိုနာအသင်းတောင်ပံကစားသမား ယာမဲလ်သည် ဒူးဒဏ်ရာ ကြောင့် ရက်သတ္တအနည်းငယ် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တောင်ပံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တောင်ပံကစားသမား ယာမဲလ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက်သာမက နိုင်ငံအသင်းဖြစ်သည့် စပိန်လက်ရွေးစင်အသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမား ယာမဲလ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၇ ပွဲ ကစားပြီး ၆၂ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အောက်ဝဲပုံ)

(NGB)

ပန်ဒိုက်ချ် နယ်သာလန်လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်

လန်ဒန် နိုဝင်ဘာ ၁၁

လီဗာပူးအသင်းနောက်ခံကစားသမား ဗန်ဒိုက်ချ်သည် အသေးစားဒဏ်ရာပြဿနာကြောင့် နယ်သာလန် လက်ရွေးစင်အသင်း လူစာရင်းမှ နုတ်ထွက်ခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။



တောင်ပံကစားသမား ဗန်ဒိုက်ချ် နုတ်ထွက်ခဲ့မှုကြောင့် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲကစားရန်ရှိသည့် နယ်သာလန်လက်ရွေးစင်အသင်းအတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

နယ်သာလန်လက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၄ရက်တွင် ဂရီအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

နည်းပြ ရာအူးလ်ကို နည်းပြသစ်အဖြစ် အိုဗီဒိုအသင်း ခန့်အပ်

မက်ဒရစ် နိုဝင်ဘာ ၁၁

စပိန်ဒုတိယတန်းကလပ် အိုဗီဒိုအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရာအူးလ်ကို ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် အိုဗီဒိုအသင်းနှင့်အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ် ချုပ်ဆိုခဲ့သည်။

နည်းပြ ရာအူးလ်သည် ရီးရဲလ်မက်ဒရစ်လူငယ်အသင်းကို လေးနှစ်ကြာ ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် အိုဗီဒိုအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၉)နှစ်အရွယ်ရှိ နည်းပြ ရာအူးလ်အနေဖြင့် အိုဗီဒိုအသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)

0-0-0-0-0-0-0-0



နည်းပြ အကွီလာနီကို ရာထူးမှ ဆက်ဆူအိုလိုအသင်း ထုတ်ပယ်

တူရင် နိုဝင်ဘာ ၁၁

ဆက်ဆူအိုလိုအသင်းသည် အသင်းနည်းပြ အကွီလာနီကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။



ဆက်ဆူအိုလိုအသင်းသည် ယခုနှစ် ဘောလုံးရာသီ စီးရီးအေပွဲစဉ် (၁၁)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၇)နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ အကွီလာနီကို ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ အကွီလာနီသည် ဆက်ဆူအိုလိုအသင်းကို ၂၀၂၆ ခုနှစ်၊ ဇွန် ၁၂ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၁၃ ပွဲတွင် သုံးပွဲနိုင်၊ သုံးပွဲသရေ၊ ခုနှစ်ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ဆက်ဆူအိုလိုအသင်း၏ ထုတ်ပြန်ချက်တွင် ‘အကွီလာနီကို ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံး ခန့်အပ်သွားမှာပါ’ဟု ထုတ်ပြန်သည်။

(အပေါ်ပုံ)

(NGB)

ကိုးဝဲလ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် ချဲလ်ဆီးအသင်းစီစဉ်

လန်ဒန် နိုဝင်ဘာ ၁၁

ချဲလ်ဆီးအသင်းသည် နောက်ခံကစားသမား ကိုးဝဲလ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၉၀ ကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်း၏ ထုတ်ပြန်ချက်တွင် ‘ကိုးဝဲလ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ’ဟု ထုတ်ပြန်သည်။

(ယာပုံ)

(NGB)

0-0-0-0-0-0-0-0



ဆမ်မြူရယ်လီနိုကို ခေါ်ယူရန် အဲဟတန်အသင်း စီစဉ်

လန်ဒန် နိုဝင်ဘာ ၁၁

အဲဗာတန်အသင်းသည် ဖလာမင်ဂိုအသင်း တောင်ပံကစားသမား ဆမ်မြူရယ်လီနိုကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဖလာမင်ဂိုအသင်းနှင့်အတူ ၂၀၂၅ မှ ၂၀၂၆ ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၈၅ ပွဲ ကစားပြီး ၁၉ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဖလာမင်ဂိုအသင်းကလည်း ဆမ်မြူရယ်လီနိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဖလာမင်ဂိုအသင်းမှ ဆမ်မြူရယ်လီနိုကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Carlos Alcaraz ဆွတ်ခူး

ပါရီ နိုဝင်ဘာ ၁၁

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ်ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Ben Shelton ကို ၇-၆၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ Carlos Alcaraz က ‘အခုလို 2026 Rolex Paris Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် နိုင်ငံအတွက်ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ’ဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

ဒန်ဘန်း အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံရ

လန်ဒန် နိုဝင်ဘာ ၁၁

နယူးကာဆယ်အသင်း နောက်ခံကစားသမား ဒန်ဘန်း ယူအီးအက်ဖ်အေ နေးရှင်းလိဂ်ပွဲကစားရန်အတွက် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခြင်းခံခဲ့ရသည်။



အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၆ ကမ္ဘာ့ဖလား ယှဉ်ပြိုင်ပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

နောက်ခံကစားသမား ဒန်ဘန်းသည် နယူးကာဆယ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဒန်ဘန်းက ‘အခုလို လက်ရွေးစင်အသင်းမှာ ပြန်လည်ရွေးချယ်ခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အောင်မြင်မှုတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ’ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

ယူအီးအက်ဖ်အေနေးရှင်းလိဂ်(အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်
၁၂-၁၁-၂၀၂၆ ည ၁၁း၃၀နာရီ	တူရကီ - ဘယ်လ်ဂျီယံ
။	အာမေးနီးယား - ဆိုက်ပရပ်
၁၃-၁၁-၂၀၂၆ နံနက် ၀၂း၁၅နာရီ	အီတလီ - ပြင်သစ်
။	ချက် - စပိန်
။	အင်္ဂလန် - ဒရိုအေးရှား
။	ဆန်ဟရီနို - ဘီလာရုစ်
။	အယ်လ်ဘေးနီးယား - ဝင်လန်
။	ပွန်တီနီဂရိုး - လတ်ဗီးယား

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာများတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးပေါင်းစပ်၍ ပျားမွေးမြူမည့်သူ တောင်သူများထံ ပျားပုံးများ လွှဲပြောင်းပေးအပ်

မန္တလေး နိုဝင်ဘာ ၁၁

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရှိ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ ရမည်းသင်းခရိုင်အတွင်းရှိ ကျေးရွာများတွင် တောင်သူများ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သီးနှံစိုက်ခင်းများကို ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပျားမွေးမြူရေးလုပ်ကိုင်ခြင်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးသာမက တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးရရှိစေရေး ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ပျားပုံး(၅၀)ပုံးအား ပျားမွေးမြူမည့် တောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါခရိုင်ရှိ ပေါသွယ်ကျေးရွာတွင် ကျင်းပသည်။

ပေးအပ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းထိန်၊ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာသန်းအေးနှင့် တာဝန်ရှိသူများ၊ ပျားမွေးမြူမည့် တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပေးအပ်ပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးက ပျားပုံးများ ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြား၍ တိုင်းဒေသကြီး ဦးစီးမှူးများက ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီးနောက် ပျားမွေးမြူမည့် တောင်သူများထံ စမ်းသပ်မွေးမြူခြင်းဆောင်ရွက်နိုင်ရန် ပျားပုံး(၅၀)ပုံးကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးနိုင်ရေးအတွက်လည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးသီးနှံများ ဖွံ့ဖြိုးအောင် အခြားသွင်းအားစုများ ဖြည့်ဆည်းဆောင်ရွက်ရသကဲ့သို့ ဝတ်မှုန်ကူးခြင်းလုပ်ငန်းကိုဆောင်ရွက်ကြသည့် ပျားမျိုးများအနက် လူတို့မွေးမြူ၍ရသော ပျားမျိုးများကို တစ်နိုင်တစ်ပိုင်မွေးမြူခြင်းဖြင့် သီးနှံစိုက်ခင်းကို ပုံမှန်ထက်အထွက်တိုးစေနိုင်ခြင်းအပြင် မွေးမြူထားသောပျားအုံများမှ ရရှိမည့်ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ရောင်းချခြင်းတို့ဖြင့် မိသားစုအပိုဝင်ငွေရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိလာမည် ဖြစ်ကြောင်း သိရသည်။



(မန္တလေးနေ့စဉ်-၄)

ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များ၌ စားအုန်းဆီများ ရောင်းချပေး

ကျောက်ဆည် နိုဝင်ဘာ ၁၁



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်းရှိ ပြည်သူများ စားသုံးဆီအခက်အခဲမရှိစေရေး ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈,၈၃၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်အိအိမိုး(နေလသုခ-၂) ဆီအရောင်းဆိုင်နှင့် ဦးနန်းဦး(နဒီဧရာ) ဆီအရောင်းဆိုင်များမှ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျောက်မဆစ်ကျေးရွာနှင့် ကျောက်ဆောက်ကုန်းကျေးရွာများသို့ စားအုန်းဆီ ၆၉၅ ပိဿာ၊ အေးမြကြည်လင်ရပ်ကွက်၊ ထနောင်းတပ်၊ သင်္ဂတုံကျေးရွာများသို့ ၈၈၀ ပိဿာ၊ ဒေါ်ဇာဇာအေး(ဒေါ်ဇာ) ဆီအရောင်းဆိုင်မှ မြစ်သားမြို့အရှေ့ရပ်ကွက်သို့ စားအုန်းဆီ ၂၇၅ ပိဿာ အသီးသီးရောင်းချပေးခဲ့ပြီး ကျန်ရှိသော ရပ်ကွက်၊ ကျေးရွာများတွင်လည်း သတ်မှတ်ရည်ညွှန်းဈေးများဖြင့် စားအုန်းဆီများ ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

(အပေါ်ပုံ)

(၄၈၅)

၀-၀-၀-၀-၀

မြန်မာစပါး ဗီဇမျိုးကွဲများ၏ နိုက်ထရိုဂျင်အသုံးချမှု ထိရောက်မှုနှင့် ဒဏ်ခံနိုင်ရည်ရှိမှုကို သုတေသနပြု

နေပြည်တော် နိုဝင်ဘာ ၁၁

မြန်မာစပါး ဗီဇမျိုးကွဲများ၏ နိုက်ထရိုဂျင်အသုံးချမှု ထိရောက်မှု (Nitrogen Use Efficiency-NUE)နှင့် နိုက်ထရိုဂျင်နည်းပါးမှု ဒဏ်ခံနိုင်ရည်ရှိမှု(Low Nitrogen Tolerance) တို့ကို သတ်မှတ်ဖော်ထုတ်နိုင်ရန် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနပြုဆောင်ရွက်ခဲ့သည်။

အဆိုပါသုတေသနကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေး သုတေသနဌာနခွဲအောက်ရှိ မျိုးစေ့ဘဏ်သုတေသနဌာနစုတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သုတေသနတွင် နိုက်ထရိုဂျင် ဓာတ်မြေသြဇာ အဆင့်မတူညီသည့် အခြေအနေများဖြစ်သော N_0 နှင့် N_{224} တို့အောက်၌ မြန်မာစပါး ဗီဇမျိုးကွဲများ၏ အထွက်နှုန်းနှင့် ဆက်စပ်သည့် လက္ခဏာများကို နှိုင်းယှဉ်လေ့လာခဲ့ပြီး နိုက်ထရိုဂျင်အသုံးချမှု ထိရောက်မှုမြင့်မားသည့် မျိုးများနှင့် နိုက်ထရိုဂျင်နည်းပါးမှုဒဏ်ခံနိုင်ရည်ရှိသည့် မျိုးများကို ဖော်ထုတ်ရန် ရည်ရွယ်ခဲ့သည်။

ယင်းသုတေသနမှတစ်ဆင့် နိုက်ထရိုဂျင်အဆင့်မတူညီသည့် အခြေအနေများအောက်တွင် စပါး ဗီဇမျိုးကွဲများ၏ အထွက်နှုန်းနှင့် ဆက်စပ်လက္ခဏာများ ကွာခြားမှုကို ဖော်ထုတ်နိုင်မည်ဖြစ်ပြီး နိုက်ထရိုဂျင်အသုံးချမှု ထိရောက်မှုမြင့်မားကာ နိုက်ထရိုဂျင်နည်းပါးသည့် အခြေအနေတွင်လည်း အထွက်နှုန်းကို ထိန်းသိမ်းနိုင်သည့် အလားအလာရှိသော စပါးမျိုးများကို ရွေးချယ်နိုင်မည်ဟုမျှော်မှန်းထားသည်။

ထို့ပြင် သုတေသနမှ ရရှိလာမည့် အချက်အလက်များသည် နိုက်ထရိုဂျင်အသုံးချမှု ထိရောက်သည့် စပါးမျိုးများကို ရွေးချယ်ဖော်ထုတ်ခြင်း၊ နိုက်ထရိုဂျင်နည်းပါးမှုဒဏ် ခံနိုင်ရည်ရှိသည့် စပါးမျိုးများ မွေးမြူထုတ်လုပ်ခြင်းနှင့် မျိုးမြှင့်တင်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

အလားတူ ဓာတ်မြေသြဇာ အသုံးပြုမှု ထိရောက်စေရန်နှင့် ရေရှည်တည်တံ့သော စပါးစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း အခြေခံအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဟုမျှော်မှန်းထားကြောင်း ဖော်ပြထားသည်။

(အောက်ပုံ)

ရွှေမန်း



အနာဂတ်ဘဝ လုံခြုံစိတ်ချစေဖို့ အမှိုက် လျှော့ချ ကြပါစို့။

အခွန်ဆိုင်ရာ(M-TRACES) စနစ်အကြောင်း အသိပညာပေးရှင်းလင်း



တောင်တွင်းကြီး နိုဝင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး၊တောင်တွင်းကြီးမြို့နယ်၌ အခွန်ဆိုင်ရာ (M TRACES)စနစ်အကြောင်း အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက တောင်တွင်းကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းထိုက်ဦးက အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သော အခွန်များရရှိစေရေးအတွက် အခွန်ထမ်းမှတ်ပုံတင်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းစနစ် (Monitoring on Taxpayer Registry and Compliance Evaluation System M-TRACES) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအကြောင်းကို အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါ အသိပညာပေးရှင်းလင်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အခွန်ထမ်းလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

နောင်နောင်(ဗိဿနိုးမြေ)

ပန်းချီအောင်မင်း (MDY) ၏ ဒုတိယမြောက် တစ်ကိုယ်တော်ပန်းချီပြပွဲ 'လက်ပံ' မန္တလေးတွင် ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေးမြို့တွင် မွေးဖွားခဲ့ပြီး အညာဒေသကို မြတ်နိုးသည့် ပန်းချီအောင်မင်း (MDY)၏ ဒုတိယမြောက် တစ်ကိုယ်တော် ပန်းချီပြပွဲ 'လက်ပံ' ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သီရိပစ္စယာအနုပညာပြခန်းတွင် ကျင်းပမည်ဖြစ်သည်။



အဆိုပါပြပွဲတွင် ပန်းချီဆရာ အောင်မင်း(MDY)မြတ်နိုးသည့် အညာဒေသ၊ မန္တလေးနှင့် အနီးတစ်ဝိုက်ရှိ လက်ပံပင်ကြီးများ၏ ပုံရိပ်များကို ပုံစံအမျိုးမျိုးဖြင့် ဖန်တီးရေးဆွဲထားသည့် ပန်းချီကားများကို ပြသသွားမည်ဖြစ်သည်။

အညာဒေသ၏ သဘာဝအလှနှင့် လက်ပံပင်များအပေါ် ထားရှိသည့် ချစ်ခင်မြတ်နိုးမှုကို ထင်ဟပ်စေရန် ပြပွဲစီးရီးအမည်ကို 'လက်ပံ'ဟု ရိုးရှင်းစွာ သတ်မှတ်ထားခြင်းဖြစ်သည်။ **(ဝဲပုံ)**

ပန်းချီအောင်မင်း(MDY) သည် Group Show ပန်းချီပြပွဲများတွင် ပါဝင်ပြသလေ့ရှိသူဖြစ်ပြီး ပထမဆုံးတစ်ကိုယ်တော် ပန်းချီပြပွဲကို ၂၀၁၆ ခုနှစ်တွင် မန္တလေးတောင်ပန်းချီပြခန်း၌ ပြသခဲ့သည်။ ယခု 'လက်ပံ'ပြပွဲမှာ ပထမဆုံးတစ်ကိုယ်တော် ပြပွဲပြီးနောက် ၁၀ နှစ်အကြာတွင် ပြုလုပ်သည့် ဒုတိယမြောက် တစ်ကိုယ်တော်ပြပွဲဖြစ်သည်။

အချိန်ယူဖန်တီးထားသည့် 'လက်ပံ' စီးရီးပန်းချီကားများကို ပြသမည့် အဆိုပါပြပွဲတွင် အညာဒေသ၏ နွေဦးရန့်နှင့် သဘာဝအလှကို ပန်းချီလက်ရာများမှ တစ်ဆင့် ခံစားကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူများက ဖိတ်ခေါ်ထားကြောင်း သိရသည်။

ရွှေမန်း



လက်လီသုံးစွဲမှုအတွက် ဒီဂျစ်တယ်ငွေပေးချေမှု တစ်ရက်လျှင် ငွေကျပ် သိန်း ၁၀၀ အထိသာခွင့်ပြု

ရန်ကုန် နိုဝင်ဘာ ၁၁

လက်လီသုံးစွဲသူများအနေဖြင့် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ တစ်ရက်လျှင် အများဆုံး ငွေကျပ် သိန်း ၁၀၀ အထိသာ ငွေလွှဲပေးချေနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က နိုဝင်ဘာ ၉ ရက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြောကြားခဲ့သည်။

လူပုဂ္ဂိုလ်အချင်းချင်း ငွေပေးချေသည့် P2P စနစ်ဖြင့် တစ်ရက်လျှင် အများဆုံး ငွေကျပ် သိန်း ၅၀ နှင့် လူပုဂ္ဂိုလ်မှ ရောင်းချသူသို့ ငွေပေးချေသည့် P2M စနစ်ဖြင့် ရွှေဆိုင်၊ အီလက်ထရောနစ်ပစ္စည်းဆိုင်များသို့ တစ်ရက်လျှင် အများဆုံး ငွေကျပ် သိန်း ၁၀၀ အထိ ပေးချေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ငွေကျပ်သိန်း ၁၀၀ အထက် ပေးချေမှုများအတွက်မူ CBM-Net စနစ်မှတစ်ဆင့် ဘဏ်တစ်ခုမှ အခြားဘဏ်တစ်ခုသို့ Bank to Bank စနစ်ဖြင့် ပေးချေနိုင်သည်။

ထို့ပြင် ကျန်းမာရေး၊သာသနာရေးနှင့် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ဘဏ်စာရင်းများမှ ငွေသားထုတ်ယူခြင်းကို တစ်ပတ်လျှင် အများဆုံး ငွေကျပ် သိန်း ၁၀၀ အထိ ခွင့်ပြုထားသည်။

အစိုးရဌာနများ၏ သင်တန်းကျောင်းစရိတ်၊ ဆုချီးမြှင့်ငွေ၊ တွေ့ဆုံစရိတ်၊ နိုင်ငံ့ဝန်ထမ်းကောင်းတံဆိပ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ငွေများ၊ ဝန်ထမ်းဆုချီးမြှင့်ငွေများအပြင် ဘာသာရေးဆိုင်ရာ အခမ်းအနားများအတွက် ငွေသားထုတ်ယူမှုများကိုလည်း တစ်ပတ်လျှင် အများဆုံး ငွေကျပ် သိန်း ၁၀၀၀ အထိ ခွင့်ပြုထားသည်။

အလားတူ အစိုးရဌာနများ၏ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အသုံးစရိတ်များအတွက် ငွေသားထုတ်ယူခြင်း၊ စက်မှုဇုန်ရှိ စက်ရုံများ၏ လုပ်ခလစာနှင့် ကုန်ကြမ်းဝယ်ယူရေးအတွက် ငွေသားထုတ်ယူခြင်းတို့ကိုလည်း သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုထားသည်။

အစိုးရ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဆုချီးမြှင့်ခြင်း၊ ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် အသုံးစရိတ်ပေးခြင်းတို့အတွက် သတ်မှတ်ပမာဏထက်ကျော်လွန်၍ ငွေသားထုတ်ယူရန် တင်ပြလာပါက လိုအပ်သည့်ကိစ္စရပ်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

ပြင်ဦးလွင်ဈေးကွက်တွင် ကန်စွန်းဥတစ်ပိသာ ငွေကျပ် ၄,၅၀၀ အထိ ရောင်းချနေ

ပြင်ဦးလွင်မြို့ဈေးကွက်တွင် ကန်စွန်းဥများကို လက်ကားတစ်ပိသာလျှင် ငွေကျပ် ၃,၀၀၀ မှ ၃,၅၀၀ အထိ၊ လက်လီတစ်ပိသာလျှင် ငွေကျပ် ၄,၀၀၀ မှ ၄,၅၀၀ အထိ ရောင်းချလျက်ရှိသည်။

ကန်စွန်းဥသည် မြန်မာနိုင်ငံတွင် လူအများစားသုံးကြသည့် အမြစ်စားသီးနှံတစ်မျိုးဖြစ်ပြီး ပြုတ်စားခြင်း၊ မီးဖုတ်စားခြင်း၊ ကြော်စားခြင်းတို့အပြင် အစားအစာအမျိုးမျိုးအဖြစ်လည်း ပြုပြင်စားသုံးကြသည်။

ကန်စွန်းဥတွင် ကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်သည့် အတွက် အာဟာရတန်ဖိုးရှိသော စားသုံးသီးနှံတစ်မျိုးဖြစ်ပြီး အမျိုးအစားအလိုက် အခွံအရောင်နှင့် အသားအရောင်များ ကွဲပြားမှုရှိသည်။

ကန်စွန်းဥစိုက်ပျိုးရာတွင် မြေသားပေါ့ပါးပြီး ရေစီးဆင်းမှုကောင်းမွန်သော မြေမျိုးကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကာ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ပါက တောင်သူများအတွက် ဝင်ငွေရရှိစေနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။

ကန်စွန်းဥဈေးနှုန်းများမှာ အရွယ်အစား၊ အရည်အသွေးနှင့် လတ်ဆတ်မှုအပေါ်မူတည်၍ ကွာခြားနိုင်ပြီး ရာသီအလိုက် ဈေးနှုန်းအပြောင်းအလဲများလည်း ရှိနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



ဖိလစ်ပိုင်သို့ ပြောင်းဆန်တန်ချိန်တစ်သောင်း တင်ပို့မည်၊ ပြည်တွင်းပြောင်းဈေးနှုန်း ပြန်လည်မြင့်တက်လာ

မန္တလေး နိုဝင်ဘာ ၁၁

ဖိလစ်ပိုင်နိုင်ငံသို့ နိုဝင်ဘာလအတွင်း ပြောင်းဆန်တန်ချိန်တစ်သောင်း တင်ပို့ရန်ရှိသဖြင့် ပြည်တွင်းပြောင်းဆန်ဈေးကွက် ပြန်လည်လှုပ်ရှားလာပြီး ဈေးနှုန်းများလည်း ပြန်လည်မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်ပဝယ်လိုအားကျဆင်းမှုကြောင့် ပြောင်းဆန်ဈေးနှုန်းများ အလွန်အမင်း ကျဆင်းခြင်းမရှိစေရန် ပြည်ပဝယ်လက်များနှင့် ဆွေးနွေးခဲ့ပြီး နိုဝင်ဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းဆန်တန်ချိန်တစ်သောင်းအထိ တင်ပို့ရန်ရှိကြောင်း အသင်းတာဝန်ရှိသူ တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ တင်ပို့သည့် ပြောင်းဆန်များမှာ စိုထိုင်းဆ ၁၄ ရာခိုင်နှုန်းရှိသည့် ပြောင်းဆန်များဖြစ်ပြီး တိရစ္ဆာန်အစာအဖြစ် အသုံးပြုကြသည်။

ပြည်ပသို့ ပြောင်းဆန်တင်ပို့မှု ဆက်တိုက်ကျဆင်းခဲ့သဖြင့် အောက်တိုဘာလအတွင်း ပြောင်းဆန်တစ်ပိသာလျှင် ငွေကျပ် ၁,၆၉၀ မှ ၁,၇၁၀ အထိသာ ရှိခဲ့ရာမှ နိုဝင်ဘာလဆန်းပိုင်းတွင် ငွေကျပ် ၁,၈၄၀ မှ ၁,၈၆၀ ခန့်အထိ ပြန်လည်မြင့်တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။ **(အောက်ပုံ)**

ထို့ပြင် ပြောင်းဆန်တင်ပို့မှုအတွက် သင်္ဘောအရောက် FOB ဈေးနှုန်းမှာလည်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၆၅ အထိ ကျဆင်းခဲ့ရာမှ ယခုအခါ ဒေါ်လာ ၂၇၀ မှ ၂၈၀ အကြားသို့ ပြန်လည်မြင့်တက်လာကြောင်း ပြောင်းကုန်သည်များက ပြောသည်။

မြန်မာနိုင်ငံတွင် တိရစ္ဆာန်အစာအဖြစ် အသုံးပြုသည့် ပြောင်းဆန်ကို နှစ်စဉ်တန်ချိန် သုံးသန်းကျော် ထုတ်လုပ်လျက်ရှိပြီး ပြည်ပသို့ တန်ချိန်နှစ်သန်းခန့် တင်ပို့ကာ ကျန်တန်ချိန်တစ်သန်းခန့်ကို ပြည်တွင်း၌ အသုံးပြုကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များ အသင်း၏ မှတ်တမ်းများအရ သိရသည်။ **ရွှေမန်း**



တနင်္သာရီတိုင်းဒေသကြီး ရေထွက်ကုန်မွေးမြူရေးကဏ္ဍမှ ဒေါ်လာ ၅၂ သန်းကျော် ရရှိ

တနင်္သာရီ နိုဝင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး၏ ရေထွက်ကုန်မွေးမြူရေးကဏ္ဍမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ကုန်တန်ချိန် ၁၂,၂၆၇ တန်ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၁၉၃ သန်းရရှိခဲ့ကြောင်း တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်ထံမှ သိရသည်။

အဆိုပါဘဏ္ဍာနှစ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းမှ အမေရိကန်ဒေါ်လာ နှစ်သန်းကျော်၊ ပုစွန်မွေးမြူရေးလုပ်ငန်းမှ ၄၈ သန်းကျော်၊ ကဏန်းပျော့မွေးမြူရေးလုပ်ငန်းမှ ၁ ဒသမ ၆၈၉ သန်း၊ ချင်းခရုမွေးမြူရေးလုပ်ငန်းမှ ၀ ဒသမ ၄၂၄ သန်းနှင့် ရေမှော်မွေးမြူရေးလုပ်ငန်းမှ ၀ ဒသမ ၀၄၅ သန်း ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းရေထွက်ကုန်များကို တနင်္သာရီတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့နေခြင်းဖြစ်သည်။

ကျွန်းပေါင်း ၈၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် မြိတ်ကျွန်းစုဒေသတွင် ကမ်းဝေး၊ ကမ်းနီးငါးဖမ်းလုပ်ငန်းများမှ ရေထွက်ကုန်များ ဖမ်းဆီးရရှိသည့်အပြင် ငါး၊ ပုစွန်နှင့် ပြည်ပဈေးကွက်ဝင် ရေထွက်ကုန်များကိုလည်း နှစ်စဉ်မွေးမြူထုတ်လုပ်လျက်ရှိပြီး ယခုနှစ်တွင် ပြည်ပပို့ကုန် ပုစွန်မွေးမြူထုတ်လုပ်မှုကို တိုးမြှင့်ဆောင်ရွက်နေသည်။ **(ဝဲပုံ)**



ရေချို၊ ရေငန်သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် မြိတ်ကျွန်းစုဒေသသည် ရေထွက်ကုန် တင်ပို့မှုမှတစ်ဆင့် နိုင်ငံခြားဝင်ငွေရရှိနေသည့်အပြင် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးကိုလည်း အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**

ဆေးပေါင်းခသည်ဆိုသော မဲဇလီ

နေပြည်တော်၏ရာသီဥတုသည် ချမ်းအေးခြင်း မရှိသည့်အပြင် မိုးရိုပ်ဆင်ပြီး မိုးဖွဲးလေးများပင် အနည်းငယ်မျှ ရွာလိုက်သေးသည်။ ကျွန်တော်တို့သည် ဇာတိချက်ကြွေ မွေးဖွားရာမြေဖြစ်သော နေပြည်တော်၊ ပျဉ်းမနားမြို့တွင် ယခုလို တန်ဆောင်မုန်းလဆိုရင် နှစ်စဉ်ထာဝရ မိသားစု စုပေါင်းဘုံကထိန်ခင်းရန် ရောက်ရှိနေကြမြဲဖြစ်သည်။

နေ့လယ်ခင်းက ကထိန်နှင့်ပတ်သက်သော ဆောင်ရွက်ဖွယ်ကိစ္စများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သဖြင့် အမောဖြေနားနေကြရင်း ကျွန်တော်နှင့်အတူ မိတ္ထီလာမှ ဆရာဦးအောင်ခင်တို့ ဇနီးမောင်နှံ၊ အမရပူရမှ ဆရာဦးကြည်မောင်၊ မကွေးမှ ဆရာဦးနေလင်းအောင်၊ သာဝတ္ထိမှ ဆရာဦးဝင်းရွှေ၊ ရန်ကုန်မှ ဆရာဦးဝင်းမြင့်နှင့် အဖွဲ့တို့ ဝိုင်းဖွဲ့ကာ သောင်းပြောင်းထွေလာ စကားလက်ဆုံကြနေကြပါသည်။

'အစ်ကိုတို့ မဲဇလီဖူးသုပ်စားကြပါဦး။ ဆေးပေါင်းခတဲ့ညနော် အစ်ကို' မိတ္ထီလာတွင်နေသော ကျွန်တော်၏ ညီမဝမ်းကွဲတော်သူ 'မဝါဝါဦး' တစ်ယောက် မဲဇလီဖူးများ သုပ်ထားသော စတီးဇလုံကြီးကိုကိုင်ကာ ရောက်လာပြီး အားလုံးကို လိုက်မေးနေခြင်းဖြစ်သည်။

'အေး ကောင်းတာပေါ့ ညီမလေးရာ စားရမှာပေါ့ဟ။ ဒီမှာ ဧည့်သည်တွေအတွက်ပါ များများသာ ထည့်ထားခဲ့ ညီမ။' 'ကျွန်တော်တို့ စားမည်ဆို၍လားမသိ သူပြုသည့်ကုသိုလ်ဒါနများ ပွားများအောင်မြင်ပြီဆိုသော အပြုံးနှင့်အတူ ရေနွေးကြမ်းပူပူလေးကိုပင် ခတ်မေးသွားလိုက်သေးသည်။ သူမ၏ မဲဇလီဖူးသုပ်ကလေးသည် 'ခါးသက်စိမ့်မွေးချဉ်ပြုံးပြုံး' လေးမို့ ခံတွင်းတွေ့ရုံတင်မက အခါးရည်ကြမ်းပူပူလေးကြောင့် ဖွန်းကိုပင်မလွတ်ချင်တော့။ စကားလေးပြောလိုက်၊ အသုပ်ကလေးစားလိုက်၊ အခါးရည်လေးသောက်လိုက် တော်တော်ကို အဆင်ပြေနေပါသည်။ ထိုစဉ် စကားစလာသူမှာ ဆရာဦးကြည်မောင်ပါ။ 'ဒါနဲ့ ကိုသပြေ ခင်ဗျားက စာရေးဆရာကလည်း ဖြစ်၊ စာဖတ်အားကလည်း ကောင်း၊ ဗဟုသုတကလည်း ရှိဆိုတော့ ကျွန်တော်တစ်ခုလောက် မေးချင်တယ်။'

'ဟုတ်ကဲ့ ရပါတယ် သိရင်ဖြေတာပေါ့။ သိပ်တော့အထင်မကြီးနဲ့နော်။'

'ဒီလိုပါ ဆရာသပြေ ဒီတန်ဆောင်မုန်းလပြည့်နေ့မှာ 'မဲဇလီပင်'က ဆေးပေါင်းခရတဲ့အကြောင်း ကျွန်တော် ကောင်းကောင်းမသိဘူး။ သိထားတာကလည်း သူပြော၊ လူပြောအသိ၊ ရေးရိုးအစဉ်အလာ မှတ်သားထားတဲ့သဘောမို့ မထိမိလှဘူးပေါ့။ သဘာဝပြယုဂ်ကလည်း မပြည့်စုံဘူးလေ။ ဒါကြောင့် ဆရာ့အနေနဲ့ သိထားတာလေးများရှိရင် ကျွန်တော်တို့ကို မျှဝေပေးပါ၊ ရှင်းပြပေးပါလို့ ပြောပါရစေ။'

'အေးဗျာ ဒီလိုဆိုတော့ သိသလောက်ပြောရတော့မှာပေါ့ ဆရာကြည်ရာ။ ဒါကလည်း ကျွန်တော်တတ်လို့ မဟုတ်ပါဘူး။ ဖတ်ထား၊ မှတ်ထားတာလေးတွေကို မျှဝေတဲ့သဘောပါ။ သိပ်ပြီး သိလှတယ်၊ တတ်လှတယ်လို့တော့မထင်စေချင်ဘူး'။ 'ဟုတ်တယ် ကိုသပြေ ကျုပ်တို့လည်းမသိဘူး။' အခြားသောဧည့်သည် ဆရာများကပါ ဆရာကြည်၏စကားကို ထောက်ခံတောင်းဆိုလာသဖြင့် မပြောမဖြစ်ပြောရပေတော့မည်။

'ဒီလို၅ ဒီလို မဲဇလီဖူးသုပ်အကြောင်း ပြောတော့မယ်ဆိုရင် လန့်ရာသီအကြောင်းရယ်၊ ရှေးက ဆိုရိုးစကားရယ်၊ နက္ခတ်ပညာရယ်၊ ဆေးပညာရယ် ဒါတွေစုပေါင်းပြီး ပြောမှပြည့်စုံလိမ့်မယ်။ ဒီတော့ လန့်ရာသီရဲ့အကြောင်းကို အရင်စပြောကြရအောင်။ မဲဇလီပင်အကြောင်းဆိုရင် တန်ဆောင်မုန်းလကို ချန်ထားလို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူတို့က ဖွားဖက်တွေမို့ပါ။ တန်ဆောင်မုန်းလဟာ ဗြိစ္ဆာရာသီ၊ ကင်းမြီးကောက်၊ အမှတ်အသား၌ပါတယ်။ ခန္ဓပုရာဏ်ကျမ်းအရပြောရရင် ကြတ္တိကာမာသော- ကြတ္တိကာနက္ခတ်နှင့် စန်းယဉ်သောတန်ဆောင်မုန်းလသည်၊ သဗ္ဗမာသေသု-လတကာတို့တွင်၊ ဥတ္တမော-အမြတ်ဆုံးပေတည်း' လို့ဆိုထားပါတယ်။ တန်ဆောင်မုန်းလဟာ မိုးတစ်ဝက် ဆောင်းတစ်ဝက် လဖြစ်သော်လည်း၊ လပြည့်ညရဲ့ ကောင်းကင်ယံသည် 'ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး' လို့ဆိုတဲ့ ညစ်မျိုး ငါးဝကင်းစင်ပတကြောင့် မဝိုင်းတဝါး သေးမွားတဲ့ ကြတ္တိကာနက္ခတ်ခေါ် ဗျောက်ဆိပ်ကြယ်စုများသည်ပင် ဝင်းလက်တောက်ပသောအခါ သမယ ဖြစ်တယ်။ နက္ခတ်တာရာစုံသောလို့ ပြောရင်လည်း ရတဲ့လပါ။ ဒါကြောင့်လည်း ဘကြီးတော်ဘုရားလက် ထက် ၁၁၈၅ ခုနှစ်လောက်က အမှုထမ်းခဲ့တဲ့ စာဆိုတော် မဟာအတုလမင်းကြီးက 'ခြောက်လေငယ်သွင်းပါလို့၊ မြူနှင်းငယ်စိုစို၊ မြင်တိုင်းငယ်ဖျိုသည်၊ ရွှေကျီးညိုတာရာနှင့်၊ ကြတ္တိကာ ထွန်းတဲ့လကိုလေး။' လို့ဆိုထားပါတယ်။ သေးသေးမွားမွားကြယ်တာရာ နက္ခတ်လေးများပင် ထွန်းလင်းတောက်ပ ပျော်မြူးခွင့်ရကြကြောင်း၊ တစ်နည်းဆိုရရင် ကြယ်တာရာစုံတဲ့လပါလို့ ပေါ်လွင်အောင်ဖွဲ့ဆိုခဲ့တာပါ။' ပြောနေရင်း အသုပ်နှင့် အခါးရည်သောက်ရန် ခေတ္တနားလိုက်ပြီးမှ 'လှေသင်းအတွင်းဝန်မင်းရဲ့ ဝေါဟာရလီနတ္ထဒီပနီကျမ်းမှာ တန်ဆောင်မုန်းလဟာ မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ ထွန်းလင်းတောက်ပစေသော၊ တစ်နည်းအဓိက်မှောင်ကို မီးရှူးတန်ဆောင်တို့ဖြင့် ဖျောက်လွှင့်ချေမှုန်းသောလ၊ နောက် ဗဟုသုတတစ်ခုက ဗိသနိုးနတ်မင်းကြီးဟာ နှစ်စဉ်နှစ်တိုင်း ဝါဆိုလဆန်း ၁၂ ရက်ကစပြီး အိပ်လိုက်တာ တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ 'ရေဝတီနက္ခတ်' နဲ့ယှဉ်ပြီး အိပ်ရာကနိုးထတာမို့ 'နတ်နိုးလ' လို့လည်း ခေါ်ကြောင်းမှတ်သားဖူးပါတယ်။ တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အရ ဗြိစ္ဆာရာသီ၊ ထွန်းတောက်ပတဲ့နက္ခတ်က ကြတ္တိကာနက္ခတ်၊ တာရာက ကျီးတာရာ၊ ရာသီပန်းက 'ခဝဲပန်း' ဖြစ်ပြီး နေ့တာတိုတယ်၊ ညတာရှည်တယ်။ ဒါက လန့်ရာသီအကြောင်းတစ္ဆေတစောင်းပါ။ ပွဲတော်တွေကတော့ ကထိန်ပွဲ၊ မီးထွန်းပွဲ၊ ကျီးမနိုးပွဲ၊ ပုံသကူပွဲ၊ နက္ခတ်ပွဲ စတာတွေကို ကျင်းပလေ့ရှိပါတယ်။ ဒါဆို 'နက္ခတ်အကြောင်းနဲ့ တာရာအကြောင်းတွေရော ပါသွားပြီမို့ အကုန်မဟုတ်တောင် တော်တော်လေး ပြည့်စုံနေပါပြီ။' မေးထားတဲ့မေးခွန်းကို ဖြေရဦးမယ်လေ'။ အခါးရည်သောက်ကာ ခေတ္တနားရင်း သူတို့ကိုအကဲခတ်သလို ကြည့်လိုက်မိရာ စိတ်ဝင်တစား နားထောင်နေကြတာကို တွေ့ရတော့ ဆက်ပြောရပါတော့သည်။

'ယခုပြောရမှာက မဲဇလီဖူးသုပ်အကြောင်း။ ရှေးရိုးစဉ်လာ အယူအဆမှာ ရှေးယခင်က နက္ခတ်ပညာ တတ်ကျွမ်းကြတဲ့ပုဂ္ဂိုလ်များဟာ နက္ခတ်တွေကိုစောင့်ရှောက်ကြတဲ့ နတ်များအကြောင်းကို သိရှိထားကြပါတယ်။ ဒါကြောင့် ဒီတန်ဆောင်မုန်းလမှာ စန်းနှင့်ယှဉ်တဲ့ ကြတ္တိကာနက္ခတ်ကို မီးနတ်မင်းက စောင့်တယ်လို့ဆိုတာပါ။ အဲဒီ ကြတ္တိကာနက္ခတ်ကိုစောင့်တဲ့ မီးနတ်မင်းဟာ တစ်နှစ်ကို တစ်ကြိမ် ဒီလိုတန်ဆောင်မုန်းလမှာ လူပြည်ကိုဆင်းပြီး မဲဇလီပင်စောင့်နတ်ထံ ခေတ္တအလည်ရောက်လာပါတယ်။ အဲဒီအချိန်မှာ မီးနတ်မင်းကို လာရောက်ခစားကြတဲ့ အခြားသောဆေးသစ်ပင်စောင့်နတ်များအားလုံး စုံညီစွာ မဲဇလီပင်ကို စုဝေးရောက်ရှိနေကြတယ်လို့ဆိုပါတယ်။ ဒါကြောင့်လည်း မဲဇလီပင်ဟာ ဆေးမင်းဖြစ်ပြီး အစွမ်းထက်မြက်ရခြင်းဖြစ်တယ်လို့ ပြဆိုကြပါတယ်။ ဒါကို ထောက်ခရရင် တန်ဆောင်မုန်းလပြည့်နေ့သည် သန်းခေါင်ယံကျော်မှသာ စန်းယှဉ်နက္ခတ်မိပြီး သစ်ပင်များက ဆေးဖက်ဝင်ပါတယ်။ ဒီလို ဆေးဖက်ဝင်တဲ့ ဆေးသစ်ပင်များ စုဝေးရောက်ရှိနေတဲ့ မဲဇလီပင်ကလည်း ဆေးပေါင်းခတယ်လို့ ဆိုကြပါတယ်။ အဲဒီ သန်းခေါင်ယံကျော်ပြီးမှ ဆွတ်ခူးရရှိတဲ့ ဆေးမင်းမဲဇလီပင်ရဲ့ အပွင့်၊ အဖူးတွေကို စားသုံးခြင်းဖြင့် ဆေးဖက်ဝင်ကြောင်း မဏ္ဍိမဒေသသုံး 'သာရကောမုဒီ' ဆေးကျမ်းက ပြဆိုထားတာကို မှတ်သားဖူးပါတယ်။' ဒီနေရာမှာ ပြောစရာရှိတာက တန်ဆောင်မုန်းလပြည့်နေ့သည် သန်းခေါင်ယံမှာမှ ကြတ္တိကာနက္ခတ်နဲ့စန်းယှဉ်တာပါလို့ ပြောပါရစေ။ အဲဒီအချိန်ရဲ့ နောက်ပိုင်းမှာမှ မဲဇလီအဖူးအပွင့်တွေကို ပြုတ်သုပ်စားကြရင်ဖြင့် ရောဂါဘယကင်းဝေးစေတယ်လို့လည်း ရှေးအစဉ်အလာစကားက ပြောထားပါတယ်။ ဆေးပေါင်းမခင် အချိန်ကတည်းက ကြိုတင်ခူးဆွတ်ထားပြီး စားသုံးမယ်ဆိုရင်ဖြင့် ထင်သလောက် ခရီးမပေါက်နိုင်ဘူးဆိုတာ သတိထားရမယ့် အချက်ပါ။'

ဒါပေမဲ့ မြန်မာအဘိဓာန်မှာ ပြဆိုထားတာက မဲဇလီဟာ အရွက်ပေါင်းများစွာရှိပြီး အဝါရောင်အပွင့်များနှင့် အချိန်ပြည့်ဝေဆာနေတဲ့ ပင်စောက်အမျိုးအစားဖြစ်တယ်။ အဲဒီအပင်ရဲ့အရွက်၊ အဖူးတို့ကို ဟင်းလျာအဖြစ် အသုံးပြုပါက ခါးသက်တဲ့အရသာရှိပြီး ဆေးဖက်ဝင်တယ်လို့ ဖွင့်ဆိုထားကြောင်းသိရပါတယ်။ 'မဲဇလီ' ပင်ကို ပါဠိလို 'ကဿေဒ' လို့ခေါ်ပြီး ရုက္ခဗေဒအမည်က (Cassia Siamea Lam) လို့ခေါ်ကြောင်း မှတ်သားဖူးပါတယ်။

မြန်မာ့ဆေးကျမ်းအလိုအရ 'မဲဇလီ' ကို ဆေးပေါင်းခမှသာ စားသုံးသင့်သည် မဟုတ်ကြောင်း။ ခါးသက်ချိုအေးသောဓာတ်ကြောင့် ကျန်းမာရေးအတွက် ရာသီအစားအစာဖြစ်ကြောင်း ပြဆိုထားပါတယ်။

မဲဇလီမှာ သင်္ဘောမဲဇလီ၊ မဲဇလီအနီ၊ မဲဇလီအဖြူလို့ရှိကြသလို မဲဇလီကြီး၊ မဲဇလီခါး၊ မဲဇလီချိုလို့ အမျိုးမျိုးရှိကြပေမယ့် ဆေးပေါင်းခတဲ့ မဲဇလီဟာ မဲဇလီချိုနဲ့ မဲဇလီခါး ဖြစ်တယ်လို့ ဆိုပါတယ်။ လှေသင်းအတွင်းဝန်ရဲ့ 'ဝေါဟာရလီနတ္ထဒီပနီကျမ်း' မှာ မဲဇလီဖူးသုပ်စားခြင်းသည် မြန်မာမူဝေလ့တစ်ရပ်ဖြစ်သလို ကျန်းမာရေးအတွက် ဆေးတစ်ခွက်ဖြစ်ကြောင်း ရေးသားဖော်ပြထားတာတွေ့ရပါတယ်။

'သာရကောမုဒီဆေးကျမ်း' အလိုအရ တန်ဆောင်မုန်းလပြည့်ည သန်းခေါင်ယံလမင်းကြီး ပြည့်ဖြိုးဝိုင်းစက်နေစဉ် ကြတ္တိကာနဲ့စန်းယှဉ်ချိန် ပုဏ္ဏာတိတိ(၁၅)လုံးအတွင်းမှာရှိကြတဲ့ ဆေးပင်အပေါင်းတို့က နတ်တွေက မဲဇလီပင်မှာ ရောက်နေတဲ့ မီးနတ်မင်းကြီးထံ လာရောက်ခစားကြတဲ့ အချိန်အခါကောင်းမှာ မဲဇလီလိုဆေးသစ်ပင်သာမက အခြားဆေးပင်များကိုပါ အချိန်အခါကောင်းတွက်ပြီး ဆေးဖက်ဝင်အောင် အစီအရင်များပြုလုပ်ကာ ဆေးအဖြစ်အသုံးပြုကြပါတယ်။ အဲဒီလိုအချိန်အခါကောင်းမှာ မဲဇလီပင်ရဲ့အရွက်ဘက်မှာ ထွက်နေတဲ့ အဖူး၊ အပွင့်၊ အရွက်၊ အမြစ်၊ အခေါက်၊ အသီး(ပဥ္စင်းပါး)ကို ခူးဆွတ်ခုတ်ယူပြီး အဖူး၊ အပွင့်ကို သုပ်စားခြင်း၊ အမြစ်၊ အခေါက်၊ အသီးတို့ကို ဓနရိပ်မှာ အခြောက်လှန်းအမှုန့်ပြုလုပ်ပြီး ဆေးအဖြစ်အသုံးပြုရင် ရုပ်ရည်နုပျိုစေခြင်း၊ အရွယ်တင်ကာအသက်ရှည်ခြင်း၊ ဘုန်းတန်ခိုးကြီးမြင့်ကာ ကျက်သရေနှင့်ပြည့်စုံခြင်းဆိုတဲ့ အကျိုးတရားတွေ ရရှိပါတယ်လို့လည်း ဆိုပါတယ်။

မဲဇလီဖူးသုပ်စားခြင်းကို မြန်မာတိုင်းရင်းဆေးပညာ အရပြောရရင် တန်ဆောင်မုန်းလဟာ မိုးတစ်ဝက်၊ ဆောင်းတစ်ဝက် လဖြစ်လို့ တန်ဆောင်မုန်းလပြည့်နေ့သည် သန်းခေါင်ကျော်သွားတာနဲ့ ဆောင်းဘက် ကူးသွားတယ်လို့ ဆိုပါတယ်။ ဒီလို အပူနဲ့အအေးအကူးမှာ လေဒေါသနဲ့ သလိပ်ဒေါသတို့အားပြိုင်ကြလို့ ရောဂါဘယများတတ်ပါတယ်။ မိုးဥတုအတွက် 'လေဒေါသကြီးစိုးလို့ လေငြိမ်စေရန်' အခါးဓာတ်' လိုအပ်သလို ဆောင်းဥတုအတွက် သလိပ်ဒေါသကြီးစိုးမှုငြိမ်စေရန် အချဉ်ဓာတ် လိုအပ်ပါတယ်။ အဲဒီ ဥတုနှစ်ပါးစလုံးနဲ့ သပ္ပာယဖြစ်အောင် အရသာအေးခါးတဲ့ မဲဇလီဖူးကို ရှောက်ရည်၊ သံပရာရည်ညှစ်ပြီး သုပ်စားခြင်းဟာ ရာသီအကူးအပြောင်းအတွက် ဖြစ်ပေါ်တတ်တဲ့ရောဂါဘယများကို ကြိုတင်ကာကွယ်ခြင်းဖြစ်တယ်လို့လည်း ဆိုထားပါတယ်။ မဲဇလီဟာ ချိုဆိမ့်ဖန်သောအရသာ သုံးမျိုးရောပါသလို ခါးသက်သက်အရသာလွှမ်းမိုးပါတယ်။ အာပေါဓာတ်ကြီးစိုးပြီး ဝါယောဓာတ်တို့ ပူးတွဲပါရှိတဲ့အတွက် သက်စာလည်းဖြစ်ပါတယ်။ အိပ်မပျော်တာတို့၊ သွေးတက်တာတို့၊ အသက်ရှူမြွန်ရောင်တာတို့၊ ချောင်းဆိုး၊ ရင်ကြပ်၊ လည်ချောင်းနာတာတို့ သက်သာပျောက်ကင်းနိုင်သလို မဲဇလီအမြစ်ဟာလည်း မျက်စိနှံ့ပတ်သက်တာတွေကိုလည်း အသုံးပြုနိုင်ပါတယ်။ မွေး၊ ဝဲ၊ နှင်းခူအစိုအခြောက်၊ ရေယုန်စတဲ့ ယားနာများအပြင် အဆိပ်ရှိသတ္တဝါများရဲ့ အဆိပ်များ၊ ရုပ်ရည်ခန်းခြောက်ခြင်း၊ သွေးသားသန့်စင်ခြင်းတို့အတွက် အခြားပစ္စည်းများနှင့် ရောယှက်သုံးစွဲလျှင် သက်သာပျောက်ကင်းနိုင်ကြောင်း လေ့လာမှတ်သားဖူးပါတယ်။ မိခင်လောင်းများအတွက်လည်း သားဖွားခါနီးမှာ သားအိမ်ညှစ်အားကောင်းပြီး မီးဖွားရလွယ်ကူစေရန် မဲဇလီပြုတ်ရေကို သောက်သင့်ကြောင်းကို 'ရှင်နာဂသိန်' ရဲ့ 'ပုံပြဆေးအဘိဓာန်' မှာ တွေ့ဖူး၊ ဖတ်ဖူးပါတယ်။ ဒါကျွန်တော်မှတ်မိသလောက်မို့ ပြီးပြည့်စုံမှာတော့မဟုတ်ဘူး။ အများကြီးရှိနေဦးမှာပါ။'

'အချုပ်အားဖြင့် ပြောရရင် မဲဇလီဟာ တစ်နှစ်ပတ်လုံး အမြဲစိမ်းလန်းနေတဲ့အပင်။ အရွက်ဟာ ရွက်မြွာစုံဖြစ်တဲ့ အပင်ပါ။ မဲဇလီရဲ့ ပင်ကိုဓာတ်ကိုက ဆေးဖက်ဝင်ပါတယ်။ ဒါကြောင့် တန်ဆောင်မုန်းလမှာ ဖူးကြ၊ ပွင့်ကြတဲ့ မဲဇလီဖူးရွေဝါရောင်လေးများကို သုပ်စားခြင်းဖြင့် ဆေးဖက်ဝင်တယ်လို့သာ မှတ်သားထားလိုက်ကြပါတော့ ဆရာတို့ရယ်။' ဒါကြောင့် ဆေးပေါင်းခတယ်လို့ ပြောကြတာပါ။

မန်းမြေမှ ပန်းသပြေ



တာလော့ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

တာချီလိတ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)တာလော့တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade 8၊ Grade 7 ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်ဘာသာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ဆိုရှယ် မီဒီယာ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးသုတ၊ ရတ စာအုပ်များနှင့်နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



စာဖတ်ရှုနိုင်မြှင့်တင်ရေး စာအုပ်၊ စာစောင်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲကျင်းပ

မိုင်းနုတ် နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အများပြည်သူများ အသိဉာဏ်ပညာတိုးပွားရရှိစေရန်၊ အသိပညာပြန့်ပွားရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါရုံးရှိ လူထုအခြေပြုဗဟို ဌာန (Community Centre) ခန်းမ၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး အတွက် စာအုပ်၊ စာစောင်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင် ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက် လက်ထောက်(၃) ခေါင်မိမိထွန်းက စာဖတ်ရှုနိုင်မြှင့်တင်ရေးစာအုပ်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်ပြပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရရှိစေရန်၊ စာဖတ်သည့် အလေ့အထဖြစ်ပေါ်စေရန်နှင့် အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များ၊ ကလေးအလုပ်သမားပမျောက်ရေး အသိပညာပေးအကြောင်း အရာများနှင့် အယ်လ်နီညိုအသိပညာပေး အကြောင်းအရာများ ပါဝင်သည့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

စူပါအယ်လ်နီညိုဖြစ်စဉ်နှင့် သဘာဝဘေးအန္တရာယ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် စူပါအယ်လ်နီညိုဖြစ်စဉ်နှင့်သဘာဝဘေးအန္တရာယ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြှင့်မားလာစေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပလျက်ရှိရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ စူပါအယ်လ်နီညို ဖြစ်စဉ်နှင့် သဘာဝဘေးအန္တရာယ် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲကို ကျင်းပခဲ့ရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်စာရေးဆရာအသင်းဝင် စာရေးဆရာ မြင့်မားအောင်က ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက စူပါအယ်လ်နီညိုဖြစ်စဉ်နှင့်သဘာဝဘေးအန္တရာယ် စုပေါင်းကာကွယ်ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(၄၆၉)**

စာအုပ်၊ စာပေ လူ့မိတ်ဆွေ။

ဖတ်စရာ၊ မှတ်စရာ စုံလင် ကြေးမုံ

လမြတ်တန်ဆောင်

* နင်း၊ မိုးပြိုင်ဆိုင်၊ တန်ဆောင်တိုင်မှာ
သင်းကြိုင်ပွင့်လန်း၊ ရာသီပန်းစုံစွာ
ထက်မွေ့ယဉ်မှာ၊ စန္ဒာငွေလ
ထွန်းပခိုန်ခါ၊ ထိန်ထိန်သာ
မြို့ရွာဂုဏ်ရည် ပြသည်နှင့်လေး။

* ဆီးနှင်းတစ်လိုက်၊ မိုးတစ်ဖြိုက်ရွာ
စိုက်ပျိုးကိုင်းကျွန်း၊ သောင်ထွန်းမြစ်ရော
ခဝဲပွင့်ဝါ၊ ရန်ဖြာသင်း
ရာသီဇြစ်ဆာ၊ ကိုးတာရာ
ကြတ္တိကာနက္ခတ် လင်းသည်နှင့်လေး။

* တန်ဆောင်မုန်းလ၊ ကျင်းပစဉ်လာ
မီးပုံးပျံပွဲ၊ ဆင်ခွဲခမ်းနားစွာ
တာဝတိံသာ၊ စူဋ္ဌာမဏိ
တည်ရှိစေတီ၊ မှန်းမျှော်ရည်
ဆီမီးပူဇော် ထွန်းညှိသည်နှင့်လေး။

* ဘာသာဓလေ့၊ ပျော်မွေ့ခြိန်ခါ
ကထိန်သင်္ကန်း၊ လျှဒါန်းကုသိုလ်ရာ
ညဉ့်လယ်ယံမှာ၊ မဲဇလီဖူး
ခူးသုပ်ကျွေးကြ၊ ဆေးပေါင်းခ
မြန်မာ့စိတ်ကူး၊ ထူးသည်နှင့်လေး။ ။

မြန်မာ့ရိုးရာ မြတ်နိုးစွာ အစဉ်လာထိန်းသိမ်းခဲ့ကြသည်။ အမျိုးဘာသာ၊ သာသနာ ကမ္ဘာတည်လေမည်။

မောင်ဘိုသိန်း=မန္တလေး



စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်

မိုင်းဖျဉ်း နိုဝင်ဘာ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းဖျဉ်းမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံပညာမူလတန်းကျောင်းသို့ နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ခေါ်နန်းသန္တာဦးက အယ်လ်နီညိုအကြောင်း၊ စာပေ၏အကျိုးကျေးဇူးအကြောင်းနှင့် စမတ်ဖုန်းသုံးခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်း၊ လူကုန်ကူးမှု အန္တရာယ်နှင့် ကလေးအလုပ်သမားအကြောင်းတို့ကို ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အသိပညာပေး နံရံကပ်စာစောင်များကို ပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



(၁၁)ကြိမ်မြောက် မုံရွာမြို့နယ်လုံးဆိုင်ရာ သဒ္ဓမ္မလင်္ကာရစာမေးပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ



မုံရွာ နိုဝင်ဘာ ၁၁

သာသနာ့ဘိုးခင်းရှင်သာမဏေ ငယ်များ ဖြေဆိုကြသည့် ၁၁ ကြိမ်မြောက် မုံရွာမြို့နယ်လုံးဆိုင်ရာ သဒ္ဓမ္မလင်္ကာရစာမေးပွဲ စာအောင်ဆုနှင်းသဘင်ကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မုံရွာမြို့၊ နန္ဒဝန်ရပ် သဒ္ဓမ္မဓောတက သုဗောဓာရုံကျောင်းတိုက်၊ မဟာသဒ္ဓမ္မောဒယဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး စာအောင်ဆုရ သာမဏေများကို ပင့်ဆောင်ကြသည်။ ထို့နောက် မုံ ရွာမြို့၊ အုတ်ကန်တောရကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြကာ ဩဝါဒကထာနာယူကြပြီး အကျော်တန်းပထမ အဂ္ဂပိသိဒ္ဓ ဝိနယာ လင်္ကာရသာမဏေကျော်ဘွဲ့ရအရှင်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားဂုဏ်ပြုပြီး မဟာဝိဇ္ဇာသိဒ္ဓံ ကျောင်းတိုက်ဆရာတော်ကြီးက ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်နှင့် အောင်လံတော်တို့ကို ချီးမြှင့်တော်မူသည်။

ဆက်လက်၍ အကြီးတန်း ပထမ ဝိသိဋ္ဌဝိနယာလင်္ကာရ သာမဏေကျော်ဘွဲ့ရအရှင်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားဂုဏ်ပြုပြီး ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်နှင့်အောင်လံတော်တို့ကို ချီးမြှင့်တော်မူပြီး အငယ်တန်းပထမဝိနယာလင်္ကာရ သာမဏေကျော်ဘွဲ့ရအရှင်၏ အတ္ထုပ္ပတ္တိကို ဖတ်ကြားဂုဏ်ပြုပြီး ဘွဲ့လက်မှတ်၊ ဘွဲ့တံဆိပ်နှင့် အောင်လံတော်ကို ချီးမြှင့်တော်မူသည်။

ထို့နောက် တေးသံရှင်ငြိမ်းငြိမ်းထွန်းနှင့် တေးဂီတအဖွဲ့က တေးထပ်ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ပြီး အကျော်တန်း၊ အကြီးတန်း၊ အငယ်တန်းဒုတိယ၊ တတိယဂုဏ်ထူးအောင်ရှင်သာမဏေများအား အောင်လက်မှတ်နှင့် အောင်ဆုဆက်ကပ်ပြီး သဒ္ဓမ္မဓောတက သုဗောဓာရုံကျောင်းတိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ စန္ဒာဝရက စာအောင်အရှင်မြတ်များအား ဂုဏ်ပြုဂါထာရွတ်ဖတ်ပူဇော်သည်။

ဆက်လက်၍ တေးထပ်၊ ရတုပိဋိခုံကဗျာများကို တေးသံရှင် ငြိမ်းငြိမ်းထွန်းနှင့် တေးဂီတအဖွဲ့က ရွတ်ဖတ်ပူဇော်ကြပြီး သဒ္ဓမ္မလင်္ကာရစာမေးပွဲ ဒုတိယဥက္ကဋ္ဌ စမ်းမြောင်းခြည်ကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားနာယူခဲ့ကြသည်။

(၁၁)ကြိမ်မြောက် မုံရွာမြို့နယ်လုံးဆိုင်ရာ သဒ္ဓမ္မလင်္ကာရစာမေးပွဲတွင် အကျော်တန်းအကြီးတန်းနှင့် အငယ်တန်းတို့တွင် ၇၉၂ ပါးဖြေဆိုရန် စာရင်းသွင်းခဲ့သော်လည်း အပါး ၇၅၀ ဖြေဆိုကြရာ ၄၀၈ ပါး အောင်မြင်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၉၄)**



ရေပြတ်လပ်မှုများဖြစ်ပေါ်လာပါက အသင့်ကူညီနိုင်ရန် ကုသိုလ်ပြုရေသယ်ယာဉ် လှူဒါန်း

မန္တလေး နိုဝင်ဘာ ၁၁

အယ် လ်နီ ညီရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် သောက်သုံးရေ ပြတ်လပ်မှုများဖြစ်ပေါ်လာပါက အသင့်ကူညီနိုင်ရန် ရေဂါလန်(၂၂၀၀)ဆံ့ ကုသိုလ်ပြုရေသယ်ယာဉ်လှူဒါန်းပွဲကို နိုဝင်ဘာ ၁၀ ရက်က မဟာအောင်မြေမြို့နယ် အဝေရာရာမတိုက်တွင် ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ဦးဝင်းဆွေ+ဒေါ်တင်တင်ခိုင် (မန်းရွှေလီကုမ္ပဏီ)မိသားစုက ရေဂါလန်(၂၂၀၀)ဆံ့ မော်တော်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား မဟာလူမှုကယ်ဆယ်ရေးအဖွဲ့သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါက်တာသက်ထွန်းဝင်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

ဌေရတုအထိမ်းအမှတ် မန္တလေးစာပေနှင့် အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော် ကျင်းပမည်

မန္တလေး နိုဝင်ဘာ ၁၁

(၂၅)ကြိမ်မြောက်ဌေရတု အထိမ်းအမှတ် မန္တလေးစာပေနှင့် အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်ကို နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်ထိ နှစ်ရက်တိုင် ကျင်းပမည်ဖြစ်သည်။

မဟာဘုံ ကထိန် ပွဲ တော်ဧည့်ခံမည့် အစီအစဉ်အား နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ၃၄ လမ်း၊ ၇၉ လမ်းနှင့် လမ်းစဉ် ၈၀ ကြားရှိ ယုဝတီကဖေးတွင် ဧည့်ခံကျွေးမွေးခြင်း၊ လာရောက်သူအပေါင်းအား စာအုပ်၊ ပန်းချီကား၊ လွယ်အိတ်၊ တီရှပ်များ မဲဖောက်ခြင်းများပြုလုပ်ကြပြီး နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၁ လမ်း၊ ၁၁၇ လမ်းနှင့် ၁၁၈ လမ်းကြားရှိ ဒီပါအေး ကျောင်းတိုက်တွင် ရေစက်ချ တရားနာယူကြည်ညိုခြင်းပြုကြမည်ဖြစ်၍ စာပေနှင့် အနုပညာရှင်များ၊ စာပေနှင့် နီးနွယ်သူများ တရားတော်နာ ကြရောက်နိုင်ကြောင်း သိရသည်။

(အောက်ပုံ)(၀၇၀)





အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက် သမိုင်းဝင်ရတနာကောသဘုရားတွင် ယမန်နေ့နံနက် ၉ နာရီက ရတနာဘုမ္မိအရှေ့ရပ်ကွက် လုံးဆိုင်ရာ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတိက္ခိဒ္ဓြိယာဘိဝံသ ကြရောက်၍ ပဋ္ဌာန်းဒေသနာတော်ကောင်းခြင်းများအား ဟောကြားခြင်းနှင့် သာသနာ ဝေယျာဝစ္စဆောင်ရွက်လျှင် အင်တိုက်အားတိုက် သဒ္ဓါထက်သန်စွာ ဆောင်ရွက်စေလိုကြောင်းတို့အား ဟောကြား၍ တရားနာပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အောင်စည်အောင်မောင်း၍ ကိုးကြိမ်တီးကာ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။

အဆိုပါပဋ္ဌာန်းအောင်ပွဲအား မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူး (ပဋ္ဌာန်းကော်မတီဥက္ကဋ္ဌ)ဦးသန်းဦး၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်ရာအိမ်မှူးများ၊ ရပ်ကွက်ပြည်သူများက ဆရာတော် ဟောကြား သည့် တရားတော်များ နာယူ၍ လူဖွယ်ဝတ္ထုအစုစုနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)(ကဆ)

ကြိုတင်ကာကွယ် စူပါအယ်လ်နီညိုပြစ်စဉ်အန္တရာယ်ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

မိတ္ထီလာ နိုဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိတ္ထီလာမြို့ လူထုအခြေပြုဗဟို ဌာနခွဲ အခြေခံပညာအထက်တန်းအဆင့် ကြိုတင်ကာကွယ်စူပါအယ်လ်နီညိုဖြစ်စဉ်အန္တရာယ်ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ မစတင်မီ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲများ ကျင်းပမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာကော်မတီ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွေညာမြေမြတ်သင်းကြိုင်က ပြိုင်ပွဲစည်းကမ်းချက်များနှင့် အမှတ်ပေးစည်းမျဉ်းများအကြောင်း ရှင်းလင်းပြောကြားပြီးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲတွင် ကြိုတင်ကာကွယ် စူပါအယ်လ်နီ ညိုဖြစ်စဉ်အန္တရာယ်ခေါင်းစဉ်ဖြင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

(အောက်ပုံ)

အောင်ဝိုင်ဟိန်း



ပရိယတ္တိသာသနဟိတအသင်း(၅၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ၊ ကန်တော့ပစ္စည်းများ ပေးအပ်

မန္တလေး နိုဝင်ဘာ ၁၁

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၄လမ်းနှင့်၃၅လမ်းကြား၊ ၈၅လမ်း၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်ရှိ ပရိယတ္တိသာသနဟိတအသင်း (၅၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အသင်းတိုက်ခန်းမတွင် ကျင်းပခဲ့ရာ ပရိယတ္တိသာသနဟိတအသင်း ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် အသင်းဥက္ကဋ္ဌက အသက်(၇၅)နှစ်နှင့် အထက် အသင်းအလုပ်အမှုဆောင် သင်းမ လူကြီးများအား မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ သီတင်းကျွတ်အခါသမယ ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်းကို ဂါရဝပြုကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသော အသင်းအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် ဝန်ထမ်းများက လက်အုပ်ချီမိုး ကန်တော့၍ ကန်တော့ပစ္စည်းများပေးအပ်ရာ ကန်တော့ခံ သက်ကြီးအလုပ်အမှုဆောင်အသင်းမှ တာဝန်ရှိသူများက ဆုပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မောင်ပြည်သူ



ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပ



ကန့်ဘလူ နိုဝင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက မဟာစဉ်မြင့်မိုရ်ကိုယ်ပိုင်ကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်၊ မြို့နယ်ဥပဒေအရာရှိ ဦးသက်နိုင်ထွေးနှင့် ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမျိုးတို့က ကျောင်းသား၊ ကျောင်းသူများအား ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းအရင်းများ၊ ဥပဒေပါကလေးအလုပ်သမားဆိုင်ရာ အသက်ကန့်သတ်ချက်များ၊ အဆိုးဝါးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းနှင့် အခမဲ့အလုပ်ခိုင်းစေမှုဆိုင်ရာ အဓိပ္ပာယ်ဖော်ပြချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ တည်ဆဲဥပဒေပါ ကလေးအလုပ်သမားများ အလုပ်ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ကလေးအလုပ်သမားဆိုင်ရာ အချက်အလက်များကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝံပုံ)**

အောင်ဝင်းဦမိုး(ကန့်ဘလူ)



မြေပဲများ နုတ်သိမ်းပြီး ခြွေစက်များ အသုံးပြုမှုများလာ

ညောင်ဦး နိဝင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ပင်ပြန့်မြေပဲ(ဇေါ)ခြောက်လမြေပဲနုတ်သိမ်းချိန်တွင် မြေပဲခြွေစက်များ အသုံးပြုမှု များလာခြင်းကြောင့် မြေပဲစိုက်ပျိုးတောင်သူများ လုပ်ငန်းလုပ်ကိုင်ရာတွင် ပိုမိုတွင်ကျယ်လာကြောင်း မြေပဲစိုက်တောင်သူများထံမှ သိရသည်။

ယခုနှစ်တွင် ပင်ပြန့်မြေပဲ(ဇေါ)ခြောက်လမြေပဲများ စိုက်ပျိုးမှုများပြားခဲ့ပြီး မိုးရွာသွန်းမှု ကောင်းခြင်းနှင့်အတူ မြေပဲများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းလည်း ကောင်းမွန်လာသည်။ ခြောက်လမြေပဲများ စတင် စိုက်ပျိုးချိန်တွင် မြေပဲတစ်ပြည်လျှင် ၎ကျပ် ၁၅၀၀၀၊ မြေယာထွန်ယက်ခ ထွန်စက်တစ်နာရီလျှင် ၎ကျပ် ၇၀၀၀၊ နွားရှဉ်းတစ်မနက်လျှင် ထွန်ယက်ခ ၎ကျပ် ၁၅၀၀၀၊ မြေပဲစိုက်သမတစ်ဦးပြီး၊ မြေပဲနုတ်ရာတွင် လွယ်ကူစေရန် ထွန်စက်ဖြင့် သံဇာဖြတ်ပြီး မြေပဲစု အလုပ်သမားများ ပြန်လည်ဌားရကြောင်း၊ မြေပဲပင်များကို တစ်နေ့နှစ်နေ့ လှမ်းပြီး ချိန်တွင် မြေပဲတောင့်ခြွေစက်များ အသုံးပြု၍ ခြွေခြင်းကြောင့် အချိန်ကုန်ကျမှု သက်သာစေပြီး လုပ်ငန်းလည်ပတ်မှုလည်း လျင်မြန်လာသည်။

ညောင်ဦးမြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုကောင်းခြင်းကြောင့် မြေပဲအထွက်နှုန်းကောင်းမွန်ပြီး မြေပဲ ၃၅-၅၀ တင်းအထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

လူသုံးကုန်ပစ္စည်း(ဆပ်ပြာ)ပြုလုပ်နည်း သင်တန်းဖွင့်လှစ်

ပျော်ဘွယ် နိဝင်ဘာ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း(ဆပ်ပြာ)ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို နိဝင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က တစ်ပိုင်တစ်နိုင်မှ အသေးစား၊ အငယ်စား၊ အလတ်စားလုပ်ငန်းများ တိုးချဲ့နိုင်ရန်အထိ ရည်ရွယ်၍ သင်ယူသွားနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရမည်းသင်းခရိုင် ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းတို့က အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးကြသည်။

ဆက်လက်၍ သင်တန်းနည်းပြက သင်တန်းပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့အနီးဝန်းကျင်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာ ခုနှစ်ရွာမှ သင်တန်းသူ ၂၀ ဦးတက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မင်းမင်းထွေး(ပျော်ဘွယ်)



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိဝင်ဘာ ၁၁

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံ လုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံး အနက် ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံး နှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀



ဒေးဝန်းအရှေ့ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

မန္တလေး နိဝင်ဘာ ၁၁

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၈၆ လမ်း၊ ၃၆လမ်းနှင့် ၃၇လမ်းကြား၊ ဒေးဝန်းအရှေ့ရပ်ကွက်ရှိ ၂၄ ပေနှင့် ၁၆ ပေ၊ သွပ်မိုး၊ ကျောက်ပြားကာ၊ ပျဉ်ခင်းအုတ် ညှပ်နှစ်ထပ်အဆောက်အအုံအပေါ်ထပ်တွင် နိဝင်ဘာ ၁၁ ရက် ည ၇ နာရီကျော်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၏ မီးသတင်းအရ သိရသည်။

မီးသတင်း ရလျှင်ရချင်း တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ Level-1 အဆင့် ယာဉ်အုပ်စု မီးငြိမ်းသတ်ယာဉ် ၁၀ စီး၊ ရေသယ်ယာဉ် ၅ စီး၊ အုပ်ချုပ်မှုယာဉ် ၃ စီးတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၇ နာရီကျော်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းနှင့် မီးလောင်မှုအကြောင်းအရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

--*-*-*

ဂရန်မြေကြော်ငြာစာ ကန့်ကွက်လို့ပါက နှိုင်းယှဉ်သော အဆောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ	လျှောက်ထားသည့်မြေ					လျှောက်ထားသည့်	အမှုတွဲအမှတ်
	အမည်/မှတ်ပုံတင်	လိပ်စာ	မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	အကြောင်းအရာ	
၁။	ဒေါ်သီဇီညွှန့် (စ/မရမ(နိုင်)၀၀၅၉၀၅)၊ ဒေါ်အေးအေးမွန် (စ/မရမ(နိုင်)၀၀၅၈၉၇)	၆၂(A)လမ်း၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ပြည်ကြီးမျက်မှန်	ဒေါ်ခမ်းထွဲ၊	ချမ်းအေးသာစံ	၇၉၉	၄၉	အမည်ပြောင်း	၃၃၇၅/၂၀၂၆-၂၀၂၇
၂။	ဒေါ်နန်းသောင်း(၁)နန်းဆိုင်ဟောင် (စ/မရမ(နိုင်)၀၃၀၄၉၀)	၂၆လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ ပြည်ကြီးမျက်မှန်	ဦးစိုင်းစကဆိုင်	ချမ်းအေးသာစံ	၈၀၀	၁-က	သက်တမ်းတိုး၊ အမည်ပြောင်း	၃၃၈၆/၂၀၂၆-၂၀၂၇
၃။	ဒေါ်မာကိုင် (၁/တမန(နိုင်)၀၂၄၉၈၅)	၃၉လမ်းနှင့် လမ်းမှတ်ကြား၊ လမ်းဆန့်လမ်းများ၊ ပဟာအောင်မြေအလွှာ	ဒေါ်မာကိုင်	ပဟာအောင်မြေ	၅၂၀	၃၆	သက်တမ်းတိုး	၃၃၈၇/၂၀၂၆-၂၀၂၇
၄။	ဦးနေသူမိုန် (၇/တမန(နိုင်)၁၃၀၂၄၅)	၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ပါမွန်တောင်	ဒေါ်အားလင်	ပဟာအောင်မြေ	၈-၃၁	၁၁-က	သက်တမ်းတိုး၊ အမည်ပြောင်း	၃၃၈၈/၂၀၂၆-၂၀၂၇
၅။	ဦးညွှန့်လှိုင် (စ/တသက(နိုင်)၀၂၄၃၅၅)	၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၂လမ်းကြား၊ ထွန်တုံး	ဦးညွှန့်လှိုင်	ချမ်းမြသာစည်	၃	၁၀၀+၁၀၀ အတွင်းမှ (၁၀၀)ခေတင်း	ဦးဝိုင်ဒွဲ	၃၃၈၉/၂၀၂၆-၂၀၂၇
၆။	ဦးညွှန့်လှိုင် (စ/တသက(နိုင်)၀၂၄၃၅၅)	၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၂လမ်းကြား၊ ထွန်တုံး	ဦးညွှန့်လှိုင်	ချမ်းမြသာစည်	၃	၁၀၀+၁၀၀ အတွင်းမှ (၁၀၀)ခေတင်း	ဦးဝိုင်ဒွဲ	၃၃၉၀/၂၀၂၆-၂၀၂၇
၇။	ဦးဟံသိန်း (၈/စလန(နိုင်)၁၄၀၀၄၅၇)	၅၂လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ ထွန်တုံး	ဒေါ်ချိုချိုဝင်း	ချမ်းမြသာစည်	၈၈-၃	၂၃-၁၈၄	ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၃၉၁/၂၀၂၆-၂၀၂၇
၈။	ဦးရန်အောင် (စ/မနမ(နိုင်)၀၉၁၁၉၂)	၁၁၀လမ်း၊ ၅၂လမ်းနှင့် ၅၃လမ်းကြား၊ ထွန်တုံး	ဒေါ်ချိုချိုဦး	ချမ်းမြသာစည်	၈၈-၂	၁၁-က	အမည်ပြောင်း	၃၃၉၂/၂၀၂၆-၂၀၂၇
၉။	ဒေါ်လီလီမြင့် (၁/ဗမန(နိုင်)၀၁၆၅၅၀)	၁၁၁လမ်း၊ ၀၉လမ်းနှင့် လမ်းဖျဉ်ကြား၊ ထွန်တုံး	ဦးမျိုးဆွေ	ချမ်းမြသာစည်	၅	၉	အမည်ပြောင်း	၃၃၉၄/၂၀၂၆-၂၀၂၇
၁၀။	ဒေါ်စုစုလိုင် (စ/မရမ(နိုင်)၀၉၂၀၀၅)	ဂန်-မန်းကားလမ်းအလျှော်ဘက်၊လေးမျက်နှာဘုရားမြောက်ဘက်၊ဗဟိုနှင့်တိုင်	ဦးသန်းလိုင်	ပြည်ကြီးတံခွန်	၅၉၄	၁၆၅ ၁၉၆၇	အမည်ပြောင်း	၃၃၉၃/၂၀၂၆-၂၀၂၇
၁၁။	ဒေါ်ကြွယ်ကြွယ်မြင့် (စ/မရတ(နိုင်)၁၁၆၀၃၃)	၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၀)	ဒေါ်ပွဲ	ပြည်ကြီးတံခွန်	၄၁-၁၆	၆၀	အမည်ပြောင်း	၃၃၉၅/၂၀၂၆-၂၀၂၇
၁၂။	ဦးစိုးနိုင်ထွန်း (၅/သလက(နိုင်)၀၀၀၀၀၆)	၂၂လမ်း၊ ၉၁လမ်းနှင့် သင်္ဘောချောင်းဟတ်လမ်းကြား၊ သီရိမာလာအနောက်	ဦးအောင်မြင့်	အောင်မြေသာစံ	၂၀၆-က	၂-၄	သက်တမ်းတိုး၊ အမည်ပြောင်း	၃၃၉၆/၂၀၂၆-၂၀၂၇
၁၃။	ဒေါ်နန်းဟွမ်ဝေး (၁၃/နဒန(နိုင်)၀၆၀၈၀၃)	၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၃၄လမ်းနှင့် ၁၃၅လမ်းကြား၊ ပြည်ကြီးမျက်ရွှေ	အိုးဈေး	ချမ်းအေးသာစံ	၈၁၉	(၃၄-c)ခေတင်း	ဈေးသစ်၊ ဦးပိုင်ဒွဲ	၃၃၉၇/၂၀၂၆-၂၀၂၇
၁၄။	ဦးဌေယုန်း(၁)ချစ်ကိုကို (စ/မရမ(နိုင်)၀၈၅၃၃၉) ဒေါ်ခင်ညွှန့် (စ/မရမ(နိုင်)၀၆၆၉၇၅)	၇၃လမ်း၊ ၁၄၅လမ်းနှင့် ၁၅၅လမ်းကြား၊ ဂန်းမျိုးလုံ	ဦးဌေယုန်း(၁)ချစ်ကိုကို (ဖိ-၂)	ချမ်းအေးသာစံ	၇၀၂	၄၄-က	သက်တမ်းတိုး	၃၃၉၆/၂၀၂၆-၂၀၂၇
၁၅။	ဒေါ်ခမာဝ(၁/ရာနန(နိုင်)၀၂၇၄၆)၊ဒေါ်ခင်အေးမူ(၁/မကတ(နိုင်)၀၃၂၂၉၃)၊ ဒေါ်ခင်မြတ်နွယ်(စ/မရမ(နိုင်)၀၁၅၆၂)၊ဦးဇော်ဝင်း(စ/မရမ(နိုင်)၀၁၅၆၆)၊ ဦးကိုကိုလတ်(စ/မရမ(နိုင်)၀၁၅၆၆)၊ဒေါ်ထိုင်ဝိုင်း(စ/မရမ(နိုင်)၀၁၅၆၆) ဒေါ်ထဝ်ထဝ်တိုး (စ/ဒအဇ(နိုင်)၀၀၃၂၄၄၉)၊ ဒေါ်ထိုက်ထိုက်တိုး(စ/မရမ(နိုင်)၀၀၉၀၉၉)၊ ဒေါ်ခင်ကောင်းစံ (စ/ဒအဇ(နိုင်)၀၂၆၂၉၅)	၃၂လမ်း၊ ၉၀လမ်းနှင့် ၉၁လမ်းကြား၊ ၆၈လမ်းနှင့် ၆၉လမ်းကြား၊ ဗိဟိုကုန်းဟိုးဘွယ်	ဒေါ်လှလှမြင့်	ချမ်းအေးသာစံ	၇၆၀	၆-c	သက်တမ်းတိုး၊ အမည်ပြောင်း	၃၃၉၉/၂၀၂၆-၂၀၂၇
၁၆။	ဒေါ်ကျင်ဒိုလွန်း (၅/ကလထ(နိုင်)၀၂၆၂၀၀)၊ ဒေါ်ဝုန်းနွယ်ဒိမ်း (စ/မဟမ(နိုင်)၀၅၂၁၅၀)	၆၉လမ်း၊ ၃၉လမ်းနှင့် လမ်းဌကြား၊ မဟာမြိုင်(၁)	ဒေါ်ကျင်ဒိုလွန်း (ဖိ-၂)	ပဟာအောင်မြေ	အိုင်း(၇+၀)	၅	သက်တမ်းတိုး	၃၃၉၆/၂၀၂၆-၂၀၂၇
၁၇။	ဦးဝင်းစိန် (၁၃/ကဒန(နိုင်)၀၀၂၄၄၄)	လမ်းဌ၀နှင့် ဌ၁လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဂါမွန်တောင်	ဦးဝင်းစိန်	ပဟာအောင်မြေ	၉	၅၉-က	သက်တမ်းတိုး	၃၃၉၇/၂၀၂၆-၂၀၂၇
၁၈။	ဒေါ်ဝင်ဟလွင် (၁၃/မဟတ(နိုင်)၀၂၉၁၆၂)	၄၁လမ်းနှင့် ၄၂လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဂါမွန်တောင်	ဒေါ်ဝင်ဟလွင်	ပဟာအောင်မြေ	၈-၁၃	၂၂	သက်တမ်းတိုး	၃၄၀၁/၂၀၂၆-၂၀၂၇
၁၉။	ဦးချစ်သွေး (စ/ဟဟမ(နိုင်)၀၁၅၉၁၀)	၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဂါမွန်တောင်	ဦးချစ်သွေး	ပဟာအောင်မြေ	၈-၇၄/၁	၅၂+၄၃ အတွင်းမှ ၅၂-၁၆၀း	ဦးဝိုင်ဒွဲ	၃၄၀၀/၂၀၂၆-၂၀၂၇
၂၀။	ဦးချစ်သွေး (စ/ဟဟမ(နိုင်)၀၁၅၉၁၀)	၃၆လမ်းနှင့် ၃၇လမ်းကြား၊ ၅၅လမ်းနှင့် ၅၆လမ်းကြား၊ ဂါမွန်တောင်	ဦးချစ်သွေး	ပဟာအောင်မြေ	၈-၇၄/၁	၅၂+၄၃ အတွင်းမှ ၅၃-၁၆၀း	ဦးဝိုင်ဒွဲ	၃၄၀၄/၂၀၂၆-၂၀၂၇
၂၁။	ဒေါ်ဝမိမိတ်ချင်း (၁၃/ဗဆတ(နိုင်)၀၆၁၃၄၉)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၄၁လမ်းနှင့် ၄၂လမ်းကြား၊ ပဟာမြိုင်(၁)	ဦးချိုနိုရှင်ထုး(၁)ရဲကြည်	ပဟာအောင်မြေ	၈-၆	၂၇-၁၆၀း	ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၄၀၁/၂၀၂၆-၂၀၂၇
၂၂။	ဒေါ်ရဲကြူကြူ (၁၃/လကန(နိုင်)၀၀၂၉၀၅)	၅၅လမ်း၊ ၃၀လမ်းနှင့် ၃၉လမ်းကြား၊ ဂါမွန်တောင်	ဒေါ်တင်သိန်း (ဖိ-၃)	ပဟာအောင်မြေ	၈-၅၆	၇-၁၆၀း	သက်တမ်းတိုး၊ ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၄၀၂/၂၀၂၆-၂၀၂၇
၂၃။	ဒေါ်ရဲကြူကြူ (၁၃/လကန(နိုင်)၀၀၂၉၀၅)	၅၅လမ်း၊ ၃၀လမ်းနှင့် ၃၉လမ်းကြား၊ ဂါမွန်တောင်	ဒေါ်တင်သိန်း (ဖိ-၃)	ပဟာအောင်မြေ	၈-၅၆	၇-၁၆၀း	သက်တမ်းတိုး၊ ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၄၀၃/၂၀၂၆-၂၀၂၇
၂၄။	ဒေါ်တင်ဒီ (စ/မရတ(နိုင်)၀၃၂၅၂၃)	၇၈လမ်း၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြား၊ ချမ်းမြသာစည်ဆောင်	ဒေါ်တင်ဒီ	ချမ်းမြသာစည်	၉၀၂	၁၁၂-၀	သက်တမ်းတိုး	၃၄၀၄/၂၀၂၆-၂၀၂၇
၂၅။	ဒေါ်မျိုးမျိုးနိုင် (စ/မရမ(နိုင်)၀၁၉၇၃၀)	၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၁၂လမ်းနှင့် ၁၁၃လမ်းကြား၊ မြို့သစ်(၄)	ဒေါ်မျိုးမျိုးနိုင်	ချမ်းမြသာစည်	၀-၅	၂၂-က	သက်တမ်းတိုး	၃၄၀၅/၂၀၂၆-၂၀၂၇
၂၆။	ဦးသိန်းထူး (စ/မနမ(နိုင်)၁၀၂၁၀၅)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၀လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၂)	ဦးသိန်းထူး	ချမ်းမြသာစည်	၉-၄	၁၅	သက်တမ်းတိုး	၃၄၀၆/၂၀၂၆-၂၀၂၇
၂၇။	ဒေါ်စန်းစန်းအေး(၁)ဆွေဆွေ (စ/မနမ(နိုင်)၀၃၃၁၂၂)	၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၀လမ်းနှင့် ၁၀၉လမ်းကြား၊ မြို့သစ်(၂)	ဒေါ်စန်းစန်းအေး(၁)ဆွေဆွေ	ချမ်းမြသာစည်	၉-၄	၂၂	သက်တမ်းတိုး	၃၄၀၇/၂၀၂၆-၂၀၂၇
၂၈။	ဦးအောင်ငွေ (စ/မရမ(နိုင်)၀၁၆၉၅၅)	၅၅လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ အောင်ပင်လယ်	ဦးအောင်ငွေ	ချမ်းမြသာစည်	ဆ၁၁-၅	၈၈-က	သက်တမ်းတိုး	၃၄၁၆/၂၀၂၆-၂၀၂၇
၂၉။	ဦးစိုင်းကျော်လှ (၁၃/သဟန(နိုင်)၀၂၉၇၄၂)၊ ဒေါ်ရီရွှင်လိ(၁)ကြူကြူဝင်း (၁၃/ကဒန(နိုင်)၀၁၈၉၆၄)၊ ဦးဝေယံကျော် (၁၃/သဟန(နိုင်)၀၃၀၀၅၉၉)	၅၅လမ်း၊ ၁၀၄လမ်းနှင့် ၁၀၆လမ်းကြား၊ ကံသာဃာ	ဦးထွန်းသိန်း	ချမ်းမြသာစည်	၈၈-၃	၆၆	သက်တမ်းတိုး၊ အမည်ပြောင်း	၃၄၀၈/၂၀၂၆-၂၀၂၇
၃၀။	ဒေါ်ပိုပိုအောင် (၅/တမလ(နိုင်)၀၉၀၉၆၅)	၆၆လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ မြို့သစ်(၁)	ဦးပြည်ပြိုးဆွေ	ချမ်းမြသာစည်	H	၁၀-၁	အမည်ပြောင်း	၃၄၁၀/၂၀၂၆-၂၀၂၇
၃၁။	ဒေါ်ပိုပို(၁)ဝံမိုးဝင်း (၁၃/လရန(နိုင်)၀၉၃၀၀၅)	၅၁လမ်း၊ ၁၀၃လမ်းနှင့် ၁၀၅လမ်းကြား၊ ကံသာဃာ	ဦးစိုးအောင်	ချမ်းမြသာစည်	၀၀-၂	၇၉	အမည်ပြောင်း	၃၄၁၂/၂၀၂၆-၂၀၂၇
၃၂။	ဒေါ်မြင့်မြင့်အောင် (စ/ဒအဇ(နိုင်)၀၁၄၃၉၂)	၅၉လမ်းနှင့် ၆၀လမ်းကြား၊ ၁၀၃လမ်းနှင့် ၁၀၄လမ်းကြား၊ ကံသာဃာ	ဦးလှစော	ချမ်းမြသာစည်	၈၀-၁	၅	အမည်ပြောင်း	၃၄၁၂/၂၀၂၆-၂၀၂၇
၃၃။	ဒေါ်အေးလန်း (စ/မနန(နိုင်)၀၃၀၀၀၄)၊ ဦးမင်းသန့် (စ/မဟမ(နိုင်)၀၄၄၉၀၃)	၆၉လမ်းနှင့် ၇၁လမ်းကြား၊ ၁၁၁လမ်းနှင့် မန္တလေး-လာရှိုးမီးရထားလမ်းကြား၊ မြို့သစ်(၅)	ဦးလောတာရှူး(ဖိ-၂)	ချမ်းမြသာစည်	၈-၅၅	၅၁-က	အမည်ပြောင်း	၃၄၁၃/၂၀၂၆-၂၀၂၇
၃၄။	ဒေါ်ကျင်လန် (၁၃/လရန(နိုင်)၀၆၁၁၀၅)	၅၅လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြား၊ ဂေအောင်ပင်လယ်	ဦးစောအောင်	ချမ်းမြသာစည်	ဆ၁၁-၆	၁၂-၁	ဈေးရွှေ့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၄၁၄/၂၀၂၆-၂၀၂၇
၃၅။	ဦးသန်းဝင်း (စ/ဒဖစ(နိုင်)၀၄၃၁၂၈)	၃၈လမ်းနှင့် ၁၁၁လမ်းထောင့်၊ ထွန်တုံး	ဦးခင်မောင်ဝင်း	ချမ်းမြသာစည်	၈၈-၅	၁၀၀	ဈေးရွှေ့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း	၃၄၁၅/၂၀၂၆-၂၀၂၇
၃၆။	ဦးစိုးထူး (စ/မရတ(နိုင်)၀၂၃၆၅၀)	၇၂လမ်းနှင့်၇၃လမ်းကြား၊၁၂၁လမ်းနှင့်မင်္ဂလာလမ်းကြား၊ဝင်္ဂဒေါက်ကီကုန်း	ဦးစိုးထူး	ပြည်ကြီးတံခွန်	၅	၂၁-ခေတင်း	ဦးဝိုင်ဒွဲ	၃၄၁၆/၂၀၂၆-၂၀၂၇
၃၇။	ဦးစိုးထူး (စ/မရတ(နိုင်)၀၂၃၆၅၀)	၇၂လမ်းနှင့်၇၃လမ်းကြား၊၁၂၁လမ်းနှင့်မင်္ဂလာလမ်းကြား၊ဝင်္ဂဒေါက်ကီကုန်း	ဦးစိုးထူး	ပြည်ကြီးတံခွန်	၅	၂၁-ခေတင်း	ဦးဝိုင်ဒွဲ	၃၄၁၈/၂၀၂၆-၂၀၂၇
၃၈။	FON KYAR HWA (၁၃/သဟန(ပြ)၀၀၀၀၂၄)၊ ဒေါ်ခွဲမိတ် (၁၃/နဆန(ဧည်)၀၀၀၂၉၁)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၉လမ်းနှင့် ၁၂၀လမ်းကြား၊ (၀)	ဦးဝုန်းကြားဆုန်း (၁)ကျော်လင်း	ပြည်ကြီးတံခွန်	အ-၁၄	၃	အမည်ပြောင်း	၃၄၁၉/၂၀၂၆-၂၀၂၇
၃၉။	FON KYAR HWA (၁၃/သဟန(ပြ)၀၀၀၀၂၄)၊ ဒေါ်ခွဲမိတ် (၁၃/နဆန(ဧည်)၀၀၀၂၉၁)	၆၃လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၉လမ်းနှင့် ၁၂၀လမ်းကြား၊ (၀)	ဦးဝုန်းကြားဆုန်း (၁)ကျော်လင်း	ပြည်ကြီးတံခွန်	အ-၁၄	၂၆	အမည်ပြောင်း	၃၄၂၀/၂၀၂၆-၂၀၂၇
၄၀။	ဦးကျော်နိုင်ထွန်း (၁၃/ကမန(နိုင်)၀၅၀၀၅၅)	၆၆လမ်းနှင့် ၆၇လမ်းကြား၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (၀)	ဒေါ်ဝင်းတင့်	ပြည်ကြီးတံခွန်	နန-၂၁	၆၆-၁	အမည်ပြောင်း	၃၄၂၁/၂၀၂၆-၂၀၂၇
၄၁။	ဒေါ်တာတာကျော် (စ/အမဂ(နိုင်)၀၀၃၀၀၃)	၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၉လမ်းကြား၊ (၀)	ဦးကျော်ကျော်	ပြည်ကြီးတံခွန်	အ-၆	၀၉-၁၆၀း	ထောမှုမြို့ပြောင်းလက်တမ်းတိုး၊ ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၄၂၄/၂၀၂၆-၂၀၂၇
၄၂။	ဒေါ်တာတာကျော် (စ/အမဂ(နိုင်)၀၀၃၀၀၃)	၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၉လမ်းကြား၊ (၀)	ဦးကျော်ကျော်	ပြည်ကြီးတံခွန်	အ-၆	၀၉-၁၆၀း	ထောမှုမြို့ပြောင်းလက်တမ်းတိုး၊ ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၄၂၀/၂၀၂၆-၂၀၂၇
၄၃။	ဦးမိုးစက်လွင် (စ/အမဂ(နိုင်)၀၃၀၀၃၄)၊ ဒေါ်အိမြူကျော် (စ/အမဂ(နိုင်)၁၃၉၆၆၃)	စစ်-မန်းကားလမ်း၊ အမဂျူရမြို့မဲ့ခန်းအနီး၊ ဧရာမြို့	ဦးအောင်ကြည် (ဖိ-၄)	အမဂျူရ	၆၀၁	(၂၉-၁+၃၀-၁) အတွင်းမှ(၃၀-၁)ခေတင်း	ဦးဝိုင်ဒွဲ၊ အမည်ပြောင်း	၃၄၂၁/၂၀၂၆-၂၀၂၇

UE Export Import Company Limited

(ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

အမှတ်(၁၆၉ / ၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အိတ်ဖွင့်လေလံကြော်ငြာအမှတ်(၁၈ / ၂၀၂၆-၂၀၂၇)

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင်မြေနှင့် အဆောက်အဦးကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် - (၂၇-၁၁-၂၀၂၆)

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် - နံနက် ၉:၀၀ နာရီ။

အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည့် နေရာ - အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ။

(ခ) အိတ်ဖွင့်လေလံဖြင့် ရောင်းချမည့် ပစ္စည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Auction 18

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ(၉ ဒသမ ၉၁)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

လေလံကြမ်းခင်းဈေး ငွေကျပ် (၁၁,၀၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းပေါင်း တစ်သိန်းတစ်သောင်းတိတိ)

မှတ်ချက် ။ ။ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ မြှုင်ထဲတွင် ရှိပါသည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၂။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခု ပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ကျပ်(၁၀၀,၀၀၀/-)နှုန်း ငွေသားဖြင့် သတင်းစာ၌ ပါလာသည့်ရက်မှစ၍ (၂၅-၁၁-၂၀၂၆)ရက် နောက်ဆုံးထား၍ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့် ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 18 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money) (ကျပ် ၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ဆောင်)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၂၅-၁၁-၂၀၂၆)ရက် နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay) (PGT) ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon) (PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA (Bank) (0025-Mandalay-003) (Kywae Sae Kan) ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း၊ UAB Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၂၇-၁၁-၂၀၂၆)ရက်တွင် သမာဓိအာမခံကြေးငွေ ပေးသွင်းသူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ (သို့မဟုတ်) တရားဝင်ကိုယ်စားလွှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ္စည်း မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၂၅-၁၁-၂၀၂၆)ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃)လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် 09-758211119 တို့ကို ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-940010077 , 09-945770555 , 09-758211119

ဒေါ်ချိုချိုမြင့်

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဥက္ကဋ္ဌ

အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ

UE Export Import Company Limited

(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ တိုးချဲ့(၃)ရပ်၊ ကွင်းအမှတ်(၆၀၀)၊ အကွက်အမှတ်(E-၁၁၄)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦး၊ ရေ၊ မီး(မီတာ)အပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဝယ်ယူ၍ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်ကလျာ(ဘ)ဦးကျော်စန်းမျိုး(၁၂/ကမတ(နိုင်)၀၇၉၉၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ –

ဦးရန်အောင်မိုး(LL.B, D.I.L) (တရားလွှတ်တော်ရှေ့နေ)

ရတနာ့ဂူလမ်း၊ လက်ဝဲမြင်းတိုင်ရပ်၊ ငယ်တိုးရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၇၈၈၆၂၀၂၄၆

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(၂၀-၁၇)၊ ဦးပိုင်အမှတ်(၂၈)၊ မြေဧရိယာ(၀ ဒသမ ၀၅၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးဝေ(ဘ)ဦးဘိုးအောင်(AE-၂၂၂၄၅)အမည်ဖြင့် နှစ်(၃၀)ဂရန် ရရှိထားသောမြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းမောင်သန်း(ဘ)ဦးဝေ(၉/မနမ(နိုင်)၀၆၂၆၃၆)၊ ဦးကျော်စိုးဝင်း(ဘ)ဦးဝေ(၉/မနမ(နိုင်)၁၁၇၆၉၂)၊ ဒေါ်သက်သက်နိုင်(ဘ)ဦးသန်းနိုင်ဦး(၉/အမဇ(နိုင်)၀၃၇၄၁၃)ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသက်နိုင်စိုး (LL.B) တရားလွှတ်တော်ရှေ့နေ

ဦးမြတ်စိုးဦး (LL.B) ဦးဝေဖြိုးအောင် (LL.B)

အထက်တန်းရှေ့နေများ

(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (ဇ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁၊ ၀၉-၉၄၈၀၀၀၀၃၉

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၂၂-က)၊ ဧရိယာ(၁၅ ပေ × ပေ ၄၀)အကျယ်အဝန်းရှိ ဦးအောင်စိန်(ဘ)ဦးမြတ်စံ(AE-၂၃၅၀၆၅)အမည်ဖြင့် ချထားရရှိထားသော စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်၊ ကိုယ်စားလှယ်လွှဲစာတို့ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြု ဒေါ်စမ်းစမ်းအေး(ဘ)ဦးမြင့်(၈/ပဖန(နိုင်)၀၉၉၉၁၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်နန်းရွှေစင်ငယ် (LL.B) ဒေါ်တွယ်တာဝင်းနိုင် (LL.B)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ

'EASY' အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း

၃၃လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၇၈၇၃၈၀၁၉၁

ဒေါ်သန္တာအေးနှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၈၉)နေ ဦးမြတ်မင်းစန်း(ဘ)ဦးလတ်သန်း (၉/မဟမ(နိုင်)၀၅၂၄၃၇)၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မှော်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၃၈၉)နေ ဦးသန်းဝင်း၏ သမီးဖြစ်သူ ဒေါ်သန္တာအေး(၉/ခအဇ(နိုင်)၀၃၇၇၇၂)သည် ခင်ပွန်း ဦးမြတ်မင်းစန်းနှင့် မိသားစုများအပေါ် စိတ်ဒုက္ခပေးပြီး ၄င်း၏သဘောဆန္ဒအလျောက်(၃၀-၁၀-၂၀၂၆)ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသည်။ ထိုသို့ ထွက်ခွာမသွားခင်အချိန်က ဒေါ်သန္တာအေးအနေဖြင့် ငွေရေးကြေးရေး၊ အရှုပ်အရှင်းများ ပြုလုပ်ထားသည့်အပေါ် ဦးမြတ်မင်းစန်းမှ တာဝန်ယူဖြေရှင်းပေးခဲ့ပြီးဖြစ်ပါသည်။ ယခုကြေညာသည့်ရက်မှစ၍ ဒေါ်သန္တာအေးနှင့်ပတ်သက်သည့် ငွေကြေးပြဿနာအရှုပ်အရှင်းများ၊ အခြားအရှုပ်အရှင်းပြဿနာအရပ်ရပ်တို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် နေအိမ်သို့ ပြန်လည်လာရောက်နေထိုင်ခြင်းကိုလည်း လက်မခံပါကြောင်း ဒေါ်သန္တာအေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးငွေးနောင်စိုး (LL.B) ဦးကျော်သန်းဦး (LL.B)

တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

၀၉-၄၅၈၇၄၈၄၉၄ ၀၉-၄၀၂၇၈၁၉၀၁

အကွက်(၃၉၃)၊ သံလျှက်မှော်အနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

